# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၃၄၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်

၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်၊ အင်္ဂါနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပါပူးဝါးနယူးဂီနီနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် စက်တင်ဘာ ၁၆

၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျရောက်သည့် ပါပူးဝါးနယူးဂီနီနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါပူးဝါးနယူးဂီနီနိုင်ငံ ဘုရင်ခံချုပ် ဆာမိုက်ကယ်အိုဂျီရိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၅ ■

# (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး အောင်မြင်စွာလက်ခံကျင်းပပေးနိုင်ရေး ကြိုးပမ်းအားထုတ်

နေပြည်တော် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံအာဆီယံအလှည့်ကျဉက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ ၂၀၁၄ ခုနှစ် (နှစ်ဝက်) ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဉက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာ ဗဟိုကော်မတီဉက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဉက္ကဋ္ဌတာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာဗဟိုကော်မတီဉက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ အာဆီယံဉက္ကဋ္ဌ တာဝန်ထမ်းဆောင်မှုသက်တမ်းသည် ယခုဆိုလျှင် သုံးပုံနှစ်ပုံကျော်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ယခုကာလအတွင်း ၂၀၁၄ ခုနှစ် အာဆီယံဉက္ကဋ္ဌအဖြစ် အစည်းအဝေးများကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများကို အသိအမှတ်ပြုပါကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁ ✻



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံအာဆီယံအလှည့်ကျဉက္ကဋ္ဌတာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ ၂၀၁၄ ခုနှစ် (နှစ်ဝက်) ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ပျောက်ဆုံးနေသူတောင်တက်သမားနှစ်ဦးအား မြေပြင်ရှာဖွေရေး ဆက်လက်ဆောင်ရွက် စာ » ၅

## ပန်ကာလေးဖက်ပါ မာလ်တီကော်ပတာကို အဆင့်မြှင့် ဆက်လက်တီထွင်မည်ဟု အင်ဂျင်နီယာတစ်ဦးကဆို စာ » ၁၀



## စင်ကာပူရေတပ်မှ စစ်ရေယာဉ် ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၅

စင်ကာပူရေတပ်မှ RSS Endeavour (210) စစ်ရေယာဉ် (ဓါတ်ပုံ) သည် ရန်ကုန်မြို့ သန်လျင်သီလဝါဆိပ်ကမ်း MITT တံတားသို့ ယနေ့နံနက် ၇နာရီ ၁၅မိနစ်ခန့်က ဆိုက်ရောက်လာခဲ့သည်။

အဆိုပါ စစ်ရေယာဉ်သည် Midshipman Sea Training Deployment မှ သင်တန်းသားများအား

စာမျက်နှာ ၈ ကော်လံ ၅ ❍


ယနေ့ မာတိကာ

ကိုယ်ပိုင်ကားဖြင့် အလုပ်သွားခြင်းထက် စက်ဘီးစီး၍ သွားခြင်းက ကျန်းမာသုခကို ပိုရ စာ » ၄

သိုလှောင်ရေမခန်းနိုင်သည့် နည်းလမ်းများ ဆောင်းပါး စာ » ၆

အင်တာမီလန် ဂိုးပြတ်နိုင် စာ » ၁၃


### ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အိုဇုန်းလွှာအရှည်တည်တံ့ကောင်းမွန်ရေးထိန်းသိမ်း

ကျွန်ုပ်တို့နေထိုင်ရာ ဤမြေကမ္ဘာ၏အထက်၌ ထရိုပို စပီးယား၊ စထရက်တိုစပီးယား၊ အိုင်ယွန်နိုစပီးယားနှင့် အိုင်ယွန်နို စပီးယားဟူ၍ လေထုအလွှာကြီးလေးခုရှိရာ ယင်းတို့အနက် အိုဇုန်းဓာတ်ငွေ့များပါရှိရာ အိုဇိုနိုစပီးယားအလွှာသည် ကျွန်ုပ်တို့ ကမ္ဘာမြေရှိ သက်ရှိသက်မဲ့ အရာအားလုံးအား ခရမ်းလွန် ရောင်ခြည်ကဲ့သို့သော နေမှဖြာဆင်းလာသည့် အန္တရာယ်ဖြစ်စေနိုင် သောအရာများကို ထီးသဖွယ် အကာအကွယ်ပေးထားလေသည်။

ဤအိုဇိုနိုစပီးယားအလွှာအတွင်း အိုဇုန်းဓာတ်ငွေ့အများ အပြားရှိလျှင် နေမှကျရောက်လာနိုင်သည့် အန္တရာယ်များကို ပို၍ကာကွယ်ပေးနိုင်သည်။ အိုဇုန်းလွှာအတွင်း အိုဇုန်းဓာတ်ငွေ့ လျော့နည်းနေလျှင် ဘေးအန္တရာယ်ကျရောက်မှု များနိုင်သည်။ ဤသို့ အိုဇိုနိုစပီးယားအတွင်း အိုဇုန်းဓာတ်ငွေ့လျော့ပါးလာ ခြင်းကို အိုဇုန်းလွှာပါးသည်၊ အိုဇုန်းလွှာပေါက်သည်ဟူ၍လည်း သိပ္ပံပညာရှင်များက ဆိုကြသည်။

ထိုသို့ အိုဇုန်းလွှာပါးလွှာခြင်း၊ အိုဇုန်းလွှာပေါက်ခြင်းတို့မှာ သဘာဝအလျောက်ဖြစ်သည် မဟုတ်ပေ။ ဤကမ္ဘာမြေပေါ်၌ မှီတင်းနေထိုင်ကြကုန်သော လူသားတို့၏ ပယောဂကြောင့်ဖြစ်ရ သည်ဟု သုတေသီများက လေ့လာတွေ့ရှိထားသည်။ တောမီးရှို့ ခြင်း၊ ထင်းခုတ်ခြင်းမှအစ စက်မှုထွန်းကားသော နိုင်ငံများ၌ စက်ရုံအလုပ်ရုံများမှ တန်ချိန်သန်းပေါင်းများစွာသော ကမ္ဘာကြီး ကို ပူနွေးစေသည့် ဖန်လုံအိမ်အာနိသင်ရှိ ကာဗွန်ဒိုင်အောက် ဆိုက် ဓာတ်ငွေ့များ ထုတ်လွှတ်နေခြင်းကြောင့်ပင် အိုဇုန်းလွှာကြီး သည် တဖြည်းဖြည်းပါးရာမှ ပေါက်သည့်အခြေအနေသို့ရောက် ရလေတော့သည်။

ဤသို့ အိုဇုန်းလွှာထိခိုက်ပျက်စီးလာခြင်း အကျိုးဆက် အဖြစ် ကမ္ဘာမြေပေါ်တွင် ကမ္ဘာ့အပူရှိန် မြင့်တက်လာခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ အပျက် အစီးများသော မုန်တိုင်းများကျရောက်ခြင်းစသော မမျှော်မှန်း နိုင်သည့် သဘာဝဘေးအန္တရာယ်အသွယ်သွယ်နှင့် ရင်ဆိုင်ကြုံ တွေ့လာရသည်။ ဤသို့ဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးက လူသားများ အိုဇုန်းလွှာထိန်းသိမ်းရေးကို သတိမူလာစေရန် စက်တင်ဘာလ ၁၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေး နေ့အဖြစ် သတ်မှတ်ထားကာ နှစ်စဉ်ဆောင်ပုဒ်တစ်ခု သတ်မှတ် ထုတ်ပြန်လျက် အသိပေးတိုက်တွန်းလျက်ရှိပါသည်။

ယခုနှစ် ဆောင်ပုဒ်သည်ကား "အိုဇုန်းလွှာကာကွယ်ရေး၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေး"ဟူ၍ဖြစ်ပါသည်။ အိုဇုန်းလွှာ ကာကွယ်ရေးအလုပ်သည် လူတိုင်းနှင့်သက်ဆိုင်သော အလုပ်ဖြစ် ပါသည်။ တောမီးရှို့ခြင်း၊ ထင်းခုတ်ခြင်းတို့ကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ရမည်ဖြစ်သကဲ့သို့ ကာဗွန်ဓာတ်လွန်ကဲမှုကို တစ်နိုင် တစ်ပိုင်ကာကွယ်ပေးနိုင်သည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးခြင်း၊ စက်ရုံအလုပ်ရုံများမှ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချခြင်းတို့ဖြင့် အိုဇုန်းလွှာအရှည် တည်တံ့ကောင်းမွန်ရေးကို ထိန်းသိမ်းကာကွယ်သွားနိုင်မည် ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကျင်းပ

စစ်တွေ စက်တင်ဘာ ၁၅

**မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက် ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်း အနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ဦးဥတ္တမ ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမောင် မောင်အုန်းက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံသည် လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၉၇ ခုနှစ်ကစတင်ပြီး အမျိုးသား ရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ် ၍ ၂၀၀၁ ခုနှစ်တွင် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၏အဖွဲ့ဝင် နိုင်ငံတစ် နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါကြောင်း။

နိုင်ငံတကာသဘော တူညီချက် များ၊ ဒေသတွင်း နားလည်မှုစာချွန်လွှာ များကို အခြေခံပြီး ပြည်တွင်းပြည်ပ ဥပဒေပညာရှင်များ စုပေါင်းရေးဆွဲ သည့် လူကုန်ကူးမှု တားဆီးကာကွယ် ရေး ဥပဒေကို ၂၀၀၅ ခုနှစ် စက်တင် ဘာ ၁၃ ရက်နေ့တွင် ပြဋ္ဌာန်းနိုင်ခဲ့ ကြောင်း၊လူကုန်ကူးမှုတိုက်ဖျက်ရေး ကို တစ်နိုင်ငံလုံး နှစ်စဉ် ကျယ်ကျယ် ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နိုင်ရေး အတွက် လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေပြဋ္ဌာန်းခဲ့သည့် စက်တင်ဘာ ၁၃ ရက်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက် ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၃ ခုနှစ်မှာ ပထမအကြိမ်၊ ယခုနှစ်တွင် ဒုတိယ အကြိမ်အဖြစ် ကျင်းပခြင်းဖြစ် ပါကြောင်း။

ယခုနှစ် မြန်မာနိုင်ငံ လူကုန် ကူးမှုတိုက်ဖျက် ရေးအခမ်းအနား ဆောင်ပုဒ်ဖြစ်သည့် "လူသား အချင်းချင်းစာနာလို့ လူကုန်ကူးမှု တိုက်ဖျက်စို့" ဆိုသည့်အတိုင်း ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ သတင်းမီဒီယာ များမှ လူကုန်ကူးခံရသူများအပေါ် စာနာစိတ်ဖြင့် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ပိုမိုပူးပေါင်းဆောင် ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ဖြင့် ပြောကြားသည်။

**ချီးမြှင့်**

ဆက်လက်၍ ပြည်နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးမင်းချစ်ဦးက လူကုန်ကူးခံရသည့် အကြောင်းအရင်းများနှင့် လူကုန် ကူးမှု တိုက်ဖျက်ရေးဆိုင်ရာများ ကိုလည်းကောင်း၊ ပြည်နယ် ဥပဒေချုပ် ဦးလှသိန်းက လူကုန် ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေ ပြဋ္ဌာန်းချက်များ၊ ပြစ်မှု/ ပြစ်ဒဏ်များနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြော ကြားကြသည်။ ထို့နောက် ပြည်နယ် ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက် ရေးနေ့အထိမ်းအမှတ် တက္ကသိုလ် အဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရ ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့နာယက၊ ပြည်နယ်ဝန်ကြီးချုပ် ၏ဇနီး ဒေါ်ခင်ဆွေဝင်းတို့က ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်း လွှာနှင့်ဂုဏ်ပြုငွေများကို ချီးမြှင့်ပေး အပ်ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ ဆုချီးမြှင့်

**ညောင်လေးပင် စက်တင်ဘာ ၁၅**

၂၀၁၄ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ စာပို့တိုက်နေ့ (World Postday) အထိမ်းအမှတ်အဖြစ် နိုင်ငံတကာ လူငယ်များ ပေးစာရေးပြိုင်ပွဲတွင် နိုင်ငံတော်အဆင့် ပထမဆုရသော ဆုရှင်အား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၄ရက် နံနက် ၁၀နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စာရေးဆရာ အသင်းရုံး၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ မြို့နယ်စာရေး ဆရာအသင်းဥက္ကဋ္ဌဒေါက်တာမြင့် သန်း(ညောင်လေးပင်)နှင့်ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်၊ အတွင်းရေးမှူး ဦးနေလင်း၊ MANA အသင်းမှ ဦးသန်းဌေးတို့က နိုင်ငံတကာလူငယ် များပေးစာရေးပြိုင်ပွဲတွင် နိုင်ငံတော် အဆင့်ပထမဆုရ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ အထက(၂)မှ ကျောင်းသား မောင်အောင်သူရဖြိုး အား ဆုများပေးအပ်ချီးမြှင့်ကာ ပထမဆုရရှိအောင် သင်ကြားပေးနိုင် သော ဆရာမဒေါ်အေးသီရိမွန်တို့ ကိုပါ ဂုဏ်ပြုဆုနှင့် လက်ဆောင် ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**နေလင်း(ညောင်လေးပင်)**

# မြို့မဈေးတန်းအားအမြန်ဆုံးအကောင်အထည်ဖော် ဆောက်လုပ်ပေးစေလို

**ထင်သာမြင်သာပြုပြင်စရာ**

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းခရိုင် ကရသူရီမြို့နယ် ခွဲ အမှတ်(၂)ရပ်ကွက် ကားဂိတ်ရှေ့ တွင် လျာထားသည့်ဈေးတန်းမြေ နေရာကို မြို့နေပြည်သူများမှ မြို့နယ်ခွဲဈေးအဖြစ် သတ်မှတ် ဆောင်ရွက်ပေးလိုသည့် ဆန္ဒရှိ ကြောင်း သိရသည်။

အဆိုပါ မြို့မဈေးတန်းမြေနေရာ ကို ၂၀၁၃-၂၀၁၄ ခုနှစ်မှစ၍ မြို့နယ်ခွဲဈေးအဖြစ် တည်ဆောက်ရန် လျာထားခဲ့သော်လည်း ယခုတိုင် အကောင်အထည်ဖော် ဆောင်ရွက် နိုင်ခြင်းမရှိဖြစ်နေသည်။ မြို့နေ ပြည်သူများ ဈေးရောင်းချရန်နှင့် ဈေးဝယ်ယူရန် ဈေးဟူ၍မရှိဖြစ်နေရာ အခက်အခဲတွေ့ကြုံရသဖြင့်တာဝန်ရှိ အဖွဲ့အစည်းများအနေဖြင့် မြို့နယ်ခွဲ ဈေးမြေနေရာဖော်ထုတ် သတ်မှတ် ထားပြီးဖြစ်သည့်အတွက် အများ ပြည်သူအကျိုးငှာ ဈေးအဆောက် အအုံ အမြန်ဆုံး အကောင်အထည် ဖော်နိုင်ရေး ဆန္ဒရှိကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# စာအုပ်စာပေ လှူမိတ်ဆွေ

# ရှမ်းမြို့၌ သွားနှင့်ခံတွင်းအခမဲ့ ဆေးကုသပေး

**ရှမ်း စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများနှင့် ခနု စာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးအသင်းချုပ်တို့ ပူးပေါင်း ပြီး ခနုဒေသအတွင်း သွားနှင့်ခံတွင်း ကွင်းဆင်းကုသခြင်းကို ခနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရှမ်းမြို့ မြို့ဦးမဂ်လာ ကျောင်းကြီးတွင် စက်တင်ဘာ ၁၃မှ ၁၅ရက် အထိ ဒေါက်တာခင်မောင်(အထူးကုဆရာ ဝန်ကြီး၊ သွားနှင့်ခံတွင်း နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀) ဦးဆောင်သောအဖွဲ့သည် အခမဲ့ ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




Junction တွင် 12 . 9 . 2014 မှ စတင်ပြသမည့် ဇာတ်ကားများ

Junction Square ( Ph - 01 527055, 09 2544 24544 )

| | | |
|---|---|---|
| Swelter | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| (Dell Digital Cinema) | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| Three Some | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |

Junction Nay Pyi Taw ( Ph - 067 421 615 )


| | | |
|---|---|---|
| | Mon to Thu | 11 AM , 2 PM , 6 : 30 PM |
| | Fri to Sun | 10 : 30 AM , 1 : 30 PM , 4 : 30 PM , 7 : 30 PM |

Sh မြင့်သူထက် Yu
B.Ed Tutor
SAT
English 4 Skills

## ပြည်တွင်းသတင်း

■ ရှေ့ဖုံးမှ

အလားတူ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျရောက်သည့် ပါပူးဝါးနယူးဂီနီနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါပူးဝါးနယူးဂီနီနိုင်ငံ ဝန်ကြီးချုပ် ပီတာအိုနေးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးညာဏ်ထွန်း နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းပြပွဲဗဟိုဌာန၌ (၁၁)ကြိမ်မြောက် CAEXPO Trade Fair တွင် ခင်းကျင်းပြသထားသည့် မြန်မာကုန်စည်ပြပွဲ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

❐ ကျောဖုံးမှ

လိယွမ်အစိုးရဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဒုတိယဝန်ကြီးချုပ် မစ္စတာကျန်းကောင်းလိနှင့် လိယွမ်အစိုးရဧည့်ဂေဟာခန်းမ၌ တွေ့ဆုံသည်။

အဆိုပါ နှစ်နိုင်ငံတွေ့ဆုံပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဦးသန့်ကျော်၊ ဦးဟံစိန်၊ ဦးမြင့်သိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်ဖက် အကျိုးတူပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတ ဦးညာဏ်ထွန်းက မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊ လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုနိုင်ရေး၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား နယ်စပ်ဒေသ လုံခြုံရေးနှင့်တည်ငြိမ်ရေး၊ နယ်စပ်ကုန်သွယ်ရေးနှင့် ပတ်သက်၍ စနစ်တကျဆောင်ရွက်ရေးနှင့် ပုံမှန်ကုန်သွယ်ရေး မြှင့်တင်ဆောင်ရွက်ရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်တွင် မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးနှင့် မြန်မာနိုင်ငံက အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ် အာဆီယံနှင့် တရုတ်နိုင်ငံအကြား ဆွေးနွေးဖက်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် နန်နင်းအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ပြပွဲဗဟိုဌာန (Nanning International Convention and Exhibition Centre) သို့ ရောက်ရှိပြီး (၁၁)ကြိမ်မြောက် CAEXPO Trade Fair ၏ Myanmar Commodity Hall ကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းတို့က CAEXPO Trade Fair ၏ Myanmar Commodity Hall ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ခင်းကျင်းပြသထားသည့် မြန်မာကုန်စည်ပြပွဲ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးရာ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌဦးဝင်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

(၁၁)ကြိမ်မြောက် အာဆီယံ-တရုတ်ကုန်စည်ပြပွဲသို့ စင်ကာပူ သမ္မတနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံ ဒုတိယသမ္မတ၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ တက်ရောက်ကြကြောင်းနှင့် ယခုနှစ်ကုန်စည်ပြပွဲ၏ Guest of Honour သည် စင်ကာပူ သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လုံးဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလိက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ဒုတိယသမ္မတ ဦးညာဏ်ထွန်း (၁၁)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတက်ရောက်ရန် နန်နင်းမြို့သို့ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် ကျင်းပမည့် (၁၁)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ ရင်းနှီးမြှုပ်နှံမှု ထိပ်သီး အစည်းအဝေးတို့သို့ တက်ရောက်ရန် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**လိုက်ပါ**

ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဦးသန့်ကျော်၊ ဦးဟံစိန်၊ ဦးမြင့်သိန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် (၁၁)ကြိမ်မြောက် အာဆီယံ-တရုတ် ကုန်စည်ပြပွဲနှင့် ဆက်စပ်ကျင်းပသည့် ဝန်ကြီးအဆင့် အစည်းအဝေးများ တက်ရောက်ရန် နန်နင်းမြို့သို့ ကြိုတင်ထွက်ခွာသွားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးညာဏ်ထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ရန် နေပြည်တော်လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်ကြသူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

❖ ကျောဖုံးမှ

ကျောင်းတော်ကြီး၏ သစ်သား ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်မည်ဖြစ်သည်။

"ရွှေကျောင်းကြီးကို လက်ရှိစစ်ဆေးချက်အရ ကျောင်းတော်ကြီးရဲ့ အတွင်းပိုင်းတိုင်တွေမှာ ခြမရှိပေမယ့် အပြင်တိုင်တွေမှာ ခြစားထားတာကို တွေ့ရပါတယ်။ ခြတွေက သစ်သားအစိုကို စားတဲ့ခြတွေနဲ့ သစ်သားအခြောက်ကိုစားတဲ့ ခြဆိုပြီး နှစ်မျိုးတွေ့ရှိရပါတယ်။ အပြင်ပိုင်း သစ်သားတိုင်တွေမှာ တိုင်ကိုရေမဝင်စေဖို့ ကာကွယ်ထားတဲ့ အုပ်ဆောင်းတွေကတစ်ဆင့် ရေစိမ့်ဝင်ပြီး သစ်သားတွေ ဆွေးလာတာကြောင့် ခြစားခြင်းဖြစ်ပါတယ်။ ဒီခြတွေကို ဖယ်ရှားပစ်ဖို့ကို အရင်ဆုံးလုပ်ဆောင်ရပါမယ်။ မလွယ်ကူပေမယ့် ထိန်းသိမ်းဆောင်ရွက်ဖို့ လုပ်ဆောင်နိုင်ပါတယ်။ ကျွန်တော် နိုင်ငံအနှံ့ အပြား အဆောက်အအုံတွေကို ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ခဲ့ရာမှာ အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်မှာရှိတဲ့ ဆစ်ခ်ဘုရားကျောင်းတော်ကြီးနဲ့ ဒီရွှေနန်းတော်ကြီးက ခံ့ညားပြီး အလှဆုံးပါပဲ။ ဒါပေမယ့် ဒီကျောင်းတော်ကြီးက ကျွန်းသားနဲ့ ပြုလုပ်ထားတာကြောင့် ပိုပြီးထူးခြားပါတယ်" ဟု Dr. Brian Ridout က ပြောကြားသည်။

အဆိုပါ သစ်သားထိန်းသိမ်းရေး ပညာရှင် ဒေါက်တာ Ridout သည် သမိုင်းဝင် အဆောက်အအုံများတွင် ကျွန်းသစ်ပျက်စီးခြင်း၊ ခြနှင့် အခြား စိုထိုင်းမှုတို့နှင့် ဆက်စပ်သော ပြဿနာများကို သိပ္ပံနည်းကျ စိစစ်အကဲဖြတ်မှုကို အထူးပြုလေ့လာခဲ့ပြီး ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ဆောင်ချက်များနှင့် ၎င်း၏ အတွေ့အကြုံများကို စက်တင်ဘာ ၁၇ ရက်တွင် ဂျက်ဖာဆင်စင်တာ၌ ဟောပြောပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မက္ကဆီကိုပြည်ထောင်စုနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပို့

**နေပြည်တော် စက်တင်ဘာ ၁၆**

၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျရောက်သော မက္ကဆီကိုပြည်ထောင်စုနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မက္ကဆီကိုပြည်ထောင်စုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဟိုဆေးအန်တိုနီယိုမိဒ် ကူရီဘရီညာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် ပါပူးဝါးနယူးဂီနီနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပို့

**နေပြည်တော် စက်တင်ဘာ ၁၆**

၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျရောက်သည့် ပါပူးဝါးနယူးဂီနီနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပါပူးဝါးနယူးဂီနီနိုင်ငံ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ရင်ဘင့်ပေတိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နိုင်ငံတကာသတင်း

# အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် တရုတ်နှင့်အာဆီယံရဲတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်

**နန်နင်း စက်တင်ဘာ ၁၅**

တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရဲတပ်ဖွဲ့များသည် အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများ တိုက်ဖျက်ရေးကို လက်တွဲ လုပ်ဆောင်လျက်ရှိကြောင်း နန်နင်းလုံခြုံရေး ဖိုရမ်သို့ တက်ရောက်သည့် ကိုယ်စားလှယ်များ၏ ပြောကြားချက်အရ သိရှိရသည်။

တရုတ်နိုင်ငံတောင်ပိုင်း နန်နင်းမြို့၌ နှစ်ရက်ကြာ ကျင်းပသည့် လုံခြုံရေးဖိုရမ်တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးကိစ္စကို အဓိကထား ဆွေးနွေးခဲ့ကြောင်း တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လီဝေးက စနေနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရဲတပ်ဖွဲ့များအနေဖြင့် ဒေသတွင်း လုံခြုံရေးထိန်းသိမ်းရန်အတွက် အတူတကွလုပ်ဆောင်ရေးမှာ အလွန်အရေးကြီးသည့် ကိစ္စဖြစ်ကြောင်း လီဝေးက ပြောကြားသည်။



တရုတ်နှင့် အာဆီယံတို့အား ပစ်မှတ်ထားသည့် အကြမ်းဖက်တိုက်ခိုက်မှုအရေအတွက်မှာ ၂၀၁၂ ခုနှစ်တွင် အကြိမ်ပေါင်း ၁၄၆ ရှိရာမှ ၂၀၁၃ ခုနှစ်တွင် ၅၇၅ ကြိမ်အထိ တိုးပွားလာသည်ဟု ကမ္ဘာ့အကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက်များအရ သိရှိရသည်။

အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် ရေရှည်ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းများ ထူထောင်ရန်လိုအပ်ကြောင်း၊ ရဲတပ်ဖွဲ့များသည် သတင်းအချက်အလက်မျှဝေခြင်းနှင့် အပြန်အလှန်ချိတ်ဆက်မှုများ ပြုလုပ်ခြင်းဖြင့် အကြမ်းဖက်မှုနှင့် အခြားရာဇဝတ်မှုခင်းများကို ပိုမိုလွယ်ကူစွာ နှိမ်နင်းနိုင်မည်ဖြစ်ကြောင်း တရုတ်ရဲလေ့ကျင့်ရေးကျောင်းမှ တွဲဖက်ပါမောက္ခ ဇူလင်းက ပြောကြားသည်။

အဆိုပါ လုံခြုံရေးဖိုရမ်ကို တရုတ်နှင့်အာဆီယံတို့မှ ကိုယ်စားလှယ်ပေါင်း ၁၂၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**(ဆင်ဟွာ)**

# ပါကစ္စတန်အလယ်ပိုင်းရှိ လှေနစ်မြုပ်မှု သတို့သားအပါအဝင် လူ ၁၇ဦးသေဆုံး

**အစ္စလမ္မာဘတ် စက်တင်ဘာ ၁၅**

ပါကစ္စတန်နိုင်ငံအလယ်ပိုင်း မူလ်တန်မြို့တွင် စက်တင်ဘာ ၁၄ ရက်က သတို့သား၊ သတို့သမီးနှင့် လက်ထပ်မင်္ဂလာပွဲသို့ တက်ရောက်သော ဧည့်သည်များ တင်ဆောင်လာသည့် လှေတစ်စင်း နစ်မြုပ်ခဲ့ရာ ၁၇ ဦး ထက်မနည်း သေဆုံးပြီး ၂၂ ဦး ပျောက်ဆုံးနေကြောင်း၊ ဒေသဆိုင်ရာ မီဒီယာများက သတင်းဖော်ပြသည်။

သတို့သား၊ သတို့သမီးနှင့် လက်ထပ်မင်္ဂလာပွဲသို့ တက်ရောက်ကြသည့် ဧည့်သည်များသည် လက်ထပ်ပွဲအခမ်းအနားအပြီး အိမ်အပြန်ခရီးလမ်းတွင် နိုင်ငံ၏ အရှေ့ပိုင်း ပန်ဂျပ်မြို့ရှိ မူလ်တန်ဒေသတွင် ထိုကဲ့သို့ ၎င်းတို့၏ လှေနစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း Abb Takk ရုပ်သံလွှင့်ဌာနက ကြေညာသည်။

ယင်းလှေနစ်မြုပ်မှုမှာ ဝန်ချိန်လွန်ကဲမှုကြောင့်ဖြစ်ပြီး သေဆုံးသူများထဲတွင် သတို့သားနှင့် ၎င်း၏ဆွေမျိုးများ ပါဝင်ကြောင်း၊ သတို့သမီးမှာမူ ကယ်တင်နိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပါကစ္စတန်ကြည်းတပ်နှင့် ရေတပ်မှ ရေငုပ်သမားများသည် အခင်းဖြစ်ပွားရာ နေရာ၌ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ စစ်သည်တစ်ဦးလည်း ယင်းကယ်ဆယ်ရေးလုပ်ငန်းလုပ်ဆောင်စဉ် ရေထဲနစ်မြုပ်ပြီး သေဆုံးခဲ့ကြောင်း ပါကစ္စတန်ထောက်လှမ်းရေးတပ်က ပြောကြားသည်။

လက်ရှိရွာသွန်းလျက်ရှိသော မုတ်သုံမိုးသည် ပန်ဂျပ်မြို့ရှိ မြစ်ချောင်းအင်းအိုင်များတွင် ရေလွှမ်းမှု အကြီးအကျယ် ဖြစ်ပေါ်စေခဲ့ပြီး ယင်းရေလွှမ်းမှုကြောင့် ဒေသအတွင်းရှိ ပြည်သူ နှစ်သန်းခန့် ဒုက္ခရောက်စေခဲ့ကြောင်း ပါကစ္စတန်အမျိုးသား သဘာဝဘေးဒဏ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

**(ဆင်ဟွာ)**

# ကိုယ်ပိုင်ကားဖြင့် အလုပ်သွားခြင်းထက် စက်ဘီးစီး၍သွားခြင်းက ကျန်းမာသုခကိုပိုရ

**လန်ဒန် စက်တင်ဘာ ၁၅**

ကိုယ်ပိုင်မော်တော်ကားဖြင့် အလုပ်သွားကြသူများထက် လမ်းလျှောက်ခြင်း သို့မဟုတ် စက်ဘီးစီး၍သွားကြသူများက ကျန်းမာခြင်းသုခကို ပိုမိုရရှိစေနိုင်ကြောင်း လေ့လာအကြံပြုချက်စာတမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကားဖြင့်ခရီးသွားခြင်းထက် လမ်းလျှောက်ခြင်းနှင့်စက်ဘီးစီး၍သွားခြင်းက စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုများ ပိုမိုရရှိနိုင်ကြောင်း အရှေ့အင်္ဂလိယာတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောသည်။

အများပြည်သူသုံးယာဉ်များဖြင့် သွားလာကြသူများထက် မော်တော်ကားစီး၍ ခရီးသွားခြင်းကိုနှစ်သက်ကြကြောင်း၊ လွန်ခဲ့သော ၁၀ နှစ်က ဗြိတိန်နိုင်ငံ၌ ခရီးဝေးသွား၍အလုပ်လုပ်ကိုင်သူ ၁၈၀၀၀ ကို စစ်တမ်းကောက်ယူခဲ့သည်ဟု ဆိုထားသည်။


နေအိမ်မှစတင်ကာ ကိုယ်ပိုင်ကားများဖြင့် အလုပ်သို့ ထွက်ခွာကြသူအများစုသည် ကျန်းမာရေးသုခရရှိမှု အနည်းဆုံးဖြစ်သည်ကို လေ့လာတွေ့ရှိရ ကြောင်း သုတေသီများက ဆိုသည်။

လမ်းလျှောက်ခြင်း သို့မဟုတ် စက်ဘီးစီး၍သွားခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ကျန်းမာရေးသုခများ တိုးပွားနိုင်သည် ဟုဆိုသည်။

နော်ဝစ်ဆေးကျောင်းနှင့် ယောဉ်ကျန်းမာရေးဆိုင်ရာ စီးပွားရေးဌာနတို့က လွန်ခဲ့သော ၁၈ နှစ်အတွင်း ဗြိတိန်နိုင်ငံတစ်ဝန်း ခရီးဝေးအလုပ်ဆင်းသူ ၁၈၀၀၀ နီးပါးကို စစ်တမ်းကောက်ယူခဲ့သည်။

ယင်းတို့အနက် ၇၃ ရာခိုင်နှုန်းမှာ ကားဖြင့်အလုပ်သို့ သွားကြသည်ဟုဆိုသည်။ ၁၃ ရာခိုင်နှုန်းမှာလမ်းလျှောက်ပြီး ၃ ရာခိုင်နှုန်းမှာ စက်ဘီးစီး၍ အလုပ်သွားကြသည်ဟုဆိုသည်။ ယင်းတို့တွင် လမ်းလျှောက်သူနှင့်စက်ဘီးစီးသူအများစုသည် ကျန်းမာရေးသုခကို ပိုမိုခံစားရသည်ဟု ဆိုသည်။

**(ဘီဘီစီ)**



# လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှု စစ်သွေးကြွခုနစ်ဦးသေဆုံး

**ကိုင်ရို စက်တင်ဘာ ၁၅**

အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များ၏တိုက်ခိုက်မှုကြောင့် ဆိုင်းနိုင်းအခြေစိုက် Ansar Bayt al-Maqdis အုပ်စုဟု ယူဆရသည့် စစ်သွေးကြွခုနစ်ဦး သေဆုံးခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီး အီဘရာဟင်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ ရဲထောက်လှမ်း ရေးများက စူးအက်ဒေသ AL-Galala တောင်တန်းဒေသရှိ စစ်သွေးကြွများ ပုန်းအောင်းရာနေရာများကို ပြောပြခဲ့ကြောင်း၊ ယင်းအခြေစိုက် စခန်းမှနေ ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လျှို့ဝှက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ၎င်းကပြောခဲ့သည်။ လက်နက်ကိုင်အစွန်းရောက်များနှင့် ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်သွေးကြွ ခုနစ်ဦးကို သတ်ပစ်ခဲ့သည်။ Ansar Bayt al-Maqdis အဖွဲ့ သည် ၂၀၁၃ ခုနှစ်က သမ္မတမော်စီကို ဖြုတ်ချမှုဖြစ်ပွားခဲ့ပြီးနောက် ပေါ်ထွက်လာ ခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

## ယူဂန္ဒာရဲများ အယ်လ်ရှာဘတ်အဖွဲ့မှပေါက်ကွဲရေးပစ္စည်းများ သိမ်းဆည်း

**ယူဂန္ဒာ စက်တင်ဘာ ၁၅**

ယူဂန္ဒာရဲများက ၎င်းတို့သည် သံသယဖြစ်ဖွယ် အယ်လ်ရှာဘတ်စစ်သွေးကြွများကို ဝင်ရောက်စီးနင်းစဉ် ပေါက်ကွဲစေတတ်သော ပစ္စည်းများကို သိမ်းဆည်းခဲ့ကြောင်း ပြောကြားခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်ရေးသမားများသည် မြို့တော်ကမ်ပါလာကို အကြီးအကျယ်တိုက်ခိုက်မှုပြုလုပ်ရန် စီစဉ်နေကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

လူကိုးယောက် ဖမ်းဆီးခံခဲ့ရပြီး ၎င်းတို့၏ ရည်ရွယ်ချက်များကို သိရှိရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ရဲအရေးပိုင်က ပြောကြားခဲ့သည်။

ယခုလအစောပိုင်းက ဆိုမာလီတွင် အမေရိကန်လေတပ်၏ တိုက်ခိုက်မှုကြောင့် အယ်လ်ရှာဘတ်ခေါင်းဆောင် အာမတ်အက်ဒီကိုဒိန်း အသတ်ခံရပြီးနောက် ယူဂန္ဒာတွင်သတိပေးတပ်လှန့်မှုများ မြင့်တက်လာခဲ့သည်။

လွန်ခဲ့သောအပတ်က ကမ်ပါလာတွင်ရှိသော အမေရိကန်သံရုံးက စက်တင်ဘာ ၂ရက်က ကန်လေကြောင်းတိုက်ခိုက်မှုကို ဆန့်ကျင်သောဖြစ်နိုင်ခြေ ရှိသည့်လက်စားချေတန်ပြန်တိုက်ခိုက်မှုများကို သတိပေးပြောကြားခဲ့သည်။ အရေးပေါ် အယ်လ်ရှာဘတ်တိုက်ခိုက်မှုများကို တန်ပြန်တိုက်ခိုက်မှုများ ပြုလုပ်ပြီးနောက် လွန်ခဲ့သော တနင်္ဂနွေနေ့က အမေရိကန်ကၜင်းတို့၏ သတိ ပေးမှုများကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ **(ဘီဘီစီ)**

## ဘာဂျာကယ်လီဖိုးနီးယား အပန်းဖြေစခန်း အိုဒိုင်းလ်ဟာရီကိန်းဝင်ရောက်

**မက္ကဆီကို စက်တင်ဘာ ၁၅**

မက္ကဆီကိုအနောက်ပိုင်းရှိ Los Cabos အပန်းဖြေစခန်းကို အိုဒိုင်းလ်ဟာရီ ကိန်းမုန်တိုင်းဝင်ရောက်မှုကြောင့် သစ်ပင်များအမြစ်ပါကျွတ်ထွက်ခဲ့သည်။ ယင်းအပန်းဖြေဟိုတယ်များရှိ အပန်းဖြေအနားယူသူထောင်ပေါင်းများစွာကို အပြင်မထွက်ရန် သတိပေးချက်ထုတ်ပြန်ခဲ့သည်။

အိုဒိုင်းလ်မုန်တိုင်းသည် တစ်နာရီ ၁၂၅ မိုင်နှုန်းတိုက်ခတ်ခဲ့ရာ မုန်တိုင်းတိုက်ခတ်မှု အမျိုးအစားအဆင့်(၃)တွင်ရှိပြီး ဘာဂျာကယ်လီဖိုးနီးယားကျွန်းဆွယ်တောင်ပိုင်းကို ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

ဒေသအာဏာပိုင်များက ရေလွှမ်းခြင်း၊ မြေပြိုခြင်းများနှင့် လေတိုက်နှုန်းတိုးလာနိုင်ခြင်းသည် နောက်ဆက်တွဲအန္တရာယ်များနှင့်ပတ်သက်ပြီး ယင်းဒေသကို သတိပေးချက်ထုတ်ပြန်ခဲ့သည်။ ထို့ပြင် ပြည်သူ ၃၀၀၀၀ ခန့်အတွက် ခိုလှုံရာနေရာများ ပြင်ဆင်ထားခဲ့သည်။

အမေရိကန်ရေတပ်အနေဖြင့်လည်း မြေပြိုမှုဖြစ်ပွားခဲ့ပါက စက်ကိရိယာများဖြင့် အရေးပေါ်ကယ်ဆယ်ရေးပြုလုပ်နိုင်ရန် အသင့်အနေအထားရှိနေခဲ့သည်။ မိုင်ယာမီရှိ အမေရိကန်အမျိုးသားဟာရီကိန်းဆိုင်ရာဗဟိုဌာနက အိုဒိုင်းလ်သည် တစ်နာရီ ၁၃၅ မိုင်နှုန်း တိုက်ခတ်သည့် အဆင့်(၄)မုန်တိုင်းအမျိုးအစားဖြစ်နိုင်ပြီး ကမ်းခြေသို့ ရောက်ရှိချိန်တွင်အင်အားလျော့နည်းသွားနိုင်ကြောင်း အစောပိုင်းက ခန့်မှန်းခဲ့ကြသည်။ သဘာဝဘေးအန္တရာယ်ခံစားနေရသည် ယခုဒေသ၌ မက္ကဆီကန်လူမျိုး ၄၀၀၀ နှင့် နိုင်ငံခြားသားခရီးသွား ၂၆၀၀၀ ထက်မနည်း ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း ဒေသ အာဏာပိုင်များက ပြောခဲ့သည်။ **(ဘီဘီစီ)**

## ငါးစားသုံးခြင်းဖြင့် အမျိုးသမီးများ အကြားအာရုံဆုံးရှုံးမှု ကာကွယ်ပေးနိုင်

**ဝါရှင်တန် စက်တင်ဘာ ၁၅**

ငါးဟင်းကို ရက်သတ္တပတ်လျှင် နှစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ထက်ပို၍ စားသုံးပေးပါက အမျိုးသမီးများတွင် အကြားအာရုံဆုံးရှုံးမှု အန္တရာယ်လျော့ကျစေနိုင်သည်ဟု အမေရိကန်သုတေသနပညာရှင်များက စက်တင်ဘာ ၁၄ ရက်က ပြောကြားခဲ့သည်။ အကြားအာရုံဆုံးရှုံးမှုမှာ ဖြစ်လေ့ဖြစ်ထများပြီး ရုံဖန်ရုံခါကုသလို့မရနိုင်သော နာတာရှည်ရောဂါတစ်မျိုးဖြစ်ပေါ်စေတတ်သည်ဟု Brighan and Women's ဆေးရုံမှ လေ့လာရေးခေါင်းဆောင် Sharon Curhan က သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြခဲ့သည်။

အမေရိကန်ဂျာနယ် Clinical Nutrition ၏ အွန်လိုင်းတွင် ဖော်ပြထားသော ယင်းလေ့လာချက်အသစ်တွင် ငါးအမျိုးအစားအားလုံးစားသုံးသူ အမျိုးသမီးများနှင့် သီးသန့်တစ်မျိုးတည်းစားသုံးသူ အမျိုးသမီးများကို အုပ်စုခွဲ၍ စမ်းသပ်လေ့လာထားသည်။ ငါးဟင်းကို စားသုံးလေ့မရှိသူ အမျိုးသမီးများနှင့် နှိုင်းယှဉ်လေ့လာကြည့်သောအခါ ရက်သတ္တပတ်လျှင် နှစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ထက်ပို၍ စားသုံးသူအမျိုးသမီးများမှာ အကြား အာရုံဆုံးရှုံးမှုအန္တရာယ် ၂၀ ရာခိုင်နှုန်းလျော့နည်းကြောင်း တွေ့ရှိရသည်။

**ဆင်ဟွာ**

# ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၅**

"ဒီမိုကရေစီဖော်ဆောင်ရေး လူငယ်များ ဝိုင်းဝန်းဆောင်ရွက်ပေး" ဟူသည့်ဆောင်ပုဒ်ဖြင့် ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိမ်း၊ ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှကော်မတီ၊ ကော်မရှင်ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ကင်းထောက်လူငယ် မောင်မယ်များ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က မြန်မာနိုင်ငံကဲ့သို့ ပြုပြင်ပြောင်းလဲစနိုင်ငံတစ်နိုင်ငံတွင် ဒီမိုကရေစီကျင့်စဉ် ခိုင်မာတည်တံ့ရန်အတွက် လူငယ်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည်ကို အားလုံးက အသိပင်ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်ဆိုသည်မှာ အများဆန္ဒကို လိုက်နာသောစနစ်ဖြစ်သည့်အတွက် အများအကျိုးကို ရှေ့တန်းတင်သောစနစ်ဟု ဆိုနိုင်ပါကြောင်း၊ အများအကျိုးနှင့်ယှဉ်လျှင် ကိုယ်ကျိုးစီးပွားကို အထိပါးခံနိုင်သည့်အတွက် မွန်မြတ်သော စနစ်တစ်ရပ်ဖြစ်ပါကြောင်း။

ထို့ကြောင့် ဒီမိုကရေစီကျင့်စဉ်ကို နိုင်ငံရေးတွင်သာမက လူမှုရေးရာအဖြာဖြာတွင်လည်း ကျင့်သုံးရမည်ဖြစ်ပါကြောင်း၊ လူဆိုသည်မှာ တစ်ဦးတည်းနေ၍မရဘဲ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့် နေရတာဖြစ်သည့်အတွက် လူ့ဘောင်ဘဝတွင် ဒီမိုကရေစီနေနည်း ထိုင်နည်းနှင့် နေပါက အချင်းချင်းသဟဇာတဖြစ်လိမ့်မည်ဖြစ်ပါကြောင်း၊ အချင်းချင်းသဟဇာတဖြစ်ခြင်းသည် ဒီမိုကရေစီစည်းလုံးညီညွတ်ခြင်းပင် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် စည်းလုံးညီညွတ်မှု အဓိကလိုအပ်ကြောင်းကို သမိုင်းက သက်သေခံလျက်ရှိပါကြောင်း၊ စည်းလုံးညီညွတ်မှုဆိုသည်မှာ တစ်ကြိမ်တည်ဆောက်လိုက်ရုံဖြင့်မပြီးဘဲ ရေရှည်ထိန်းသိမ်းထားရမည်၊ အစဉ်အမြဲ တည်ဆောက်နေရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူငယ်နှင့် ဒီမိုကရေစီကဏ္ဍကို ယနေ့ဆွေးနွေးနေကြခြင်းပင် ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်ဆိုသည်မှာ သူတစ်ပါးကပေးမှ ရသည်မဟုတ်ဘဲ ကိုယ်တိုင်ကျင့်သုံးမှ ရမည်ဖြစ်သည့်အတွက် လူငယ်များက လူအချင်းချင်း မွေးရာပါ လူ့အခွင့်အရေးကို အပြန်အလှန်တန်ဖိုးထားတတ်ခြင်းအားဖြင့် အချင်းချင်းအကြားတွင် ကွာဟမှုကို ပယ်ဖျောက်နိုင်လိမ့်မည်ဖြစ်ပါကြောင်း။

တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းဆိုသည့် ဒီမိုကရေစီ လက္ခဏာကို သဘောထားကြီးမားမှုဖြင့် သယ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ လူပုဂ္ဂိုလ်အချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်းအကြားတွင် အရေးကြီးသည့် လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဖက်များဖြင့် အပြန်အလှန် သဘောထားကြရမည်ဖြစ်ပါကြောင်း။

မင်းမပါလည်းမပြီး၊ သူမပါလည်းမပြီးဆိုသည့် အားလုံးပါဝင်ရေးကို ရှေးရှုကြရမည်ဖြစ်ပါကြောင်း၊ အချုပ်အားဖြင့် လူငယ်များသည် အချင်းချင်း အပြန်အလှန် နားလည်မှုရှိသည့်ဒီမိုကရေစီစည်းလုံးညီညွတ်မှုကို ကိုင်ဆွဲလျက် ငြိမ်းချမ်း၍ သာယာဝပြောသည့် နိုင်ငံတော်ကို ဆက်လက်သယ်ပိုးနိုင်ခြင်းဆိုသည့် ပူးတွဲချန်ပီယံဆုကို ရယူကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ်အခမ်းအနားအတွက်ပေးပို့သည့် သဝဏ်လွှာကိုအခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဌေးဦးက ဖတ်ကြားသည်။



ဆက်လက်၍ ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ်အခမ်းအနားအတွက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့ထံမှပေးပို့သည့် သဝဏ်လွှာများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးသိန်းထွန်းဦးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်မှ ကိုယ်စားလှယ် Mr.Toily Kurbanov တို့က ဖတ်ကြားသည်။

၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ် အခမ်းအနားနှင့်စပ်လျဉ်း၍ "ကျောင်းသားလူငယ်များ၊ ပြည်သူလူထုကိုယ်စားပြုကိုယ်စားလှယ်၊ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ခနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ၊ ကရင်ပြည်နယ် ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်၊ တအာင်း(ပလောင်)အမျိုးသားပါတီ၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ(ကချင်ပြည်နယ်)၊ ကရင်ပြည်သူ့ပါတီ၊ "ဝ" ဒီမိုကရက်တစ်ပါတီ၊ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ ရခိုင်အမျိုးသားပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ရှမ်းတိုင်းရင်းသား ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ" တို့၏ စာတမ်းများကို စာတမ်းရှင် ၂၀ က ဖတ်ကြားတင်ပြကြသည်။

အခမ်းအနားအပြီးတွင် ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးဌေးဦးနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်မီဒီယာခန်းမ၌ ပြည်တွင်းသတင်းမီဒီယာသမားများအား တွေ့ဆုံ၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသည့် သံတမန်အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ပျောက်ဆုံးနေသူတောင်တက်သမားနှစ်ဦးအား မြေပြင်ရှာဖွေရေး ဆက်လက်ဆောင်ရွက်

**ပန်နန်းဒင် စက်တင်ဘာ ၁၅**

ခါကာဘိုရာဇီတောင်ပေါ်သို့ တက်ရောက်ကာ မြန်မာနိုင်ငံတော်အလံလွှင့်ထူအပြီး ပြန်လည်ဆင်းသက်စဉ် ဩဂုတ် ၃၁ ရက်က ပျောက်ဆုံးသွားခဲ့သော မြန်မာတောင်တက်သမားနှစ်ဦးတို့အား မြေပြင်ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို မြန်မာတိဗက်လူမျိုး နမားဂျွန်ဆင်က ဦးဆောင်ရှာဖွေနေကြောင်း သိရှိရသည်။

ခါကာဘိုရာဇီ တောင်ထိပ်ကို မြန်မာလူမျိုးများထဲမှ ပထမဆုံးတက်ရောက်ခဲ့သည့် မြန်မာတိဗက်လူမျိုး နမားဂျွန်ဆင်သည် ဒေသခံတိဗက်နှင့် တိုင်းရင်းသားလူမျိုးများ၊ ကယ်ဆယ်ရေး အဖွဲ့ဝင်များကို ဦးဆောင်ကာ ခါကာဘိုရာဇီတောင်တစ်ဝိုက်တွင် မြေပြင်ကယ်ဆယ်ရေးများ ပြုလုပ်လျက်ရှိပြီး မျှော်လင့်ချက်မကုန်ဆုံးသေးကြောင်း သဘာဝခေါ်သံဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆက်အသွယ်ပြတ်တောက်နေသည့် မြန်မာတောင်တက်သမားနှစ်ဦးကို ကယ်ဆယ်ရန်အတွက် တရုတ်နိုင်ငံမှ ကောင်းကင်ပြာ(BSR)အဖွဲ့၏ အကူအညီအား ရယူလိုသော်လည်း ၎င်းတို့မှာ မြေပြင်အနေအထားအရ တောင်ခြေသို့ရောက်ရှိရန် အခက်အခဲများစွာရှိနေခဲ့သည်။

စက်တင်ဘာ ၁၅ ရက်က ထူးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ တပ်မတော်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး တောင်ပေါ်သို့ ရဟတ်ယာဉ်များဖြင့် သွားရောက်ကာ မြေပြင်သို့ ဆင်းသက်ရှာဖွေလိုသော်လည်း ခြေလျင်အစအဆုံး တက်ရောက်ရန်အတွက် အချိန်မလောက်မှုနှင့် ရာသီဥတုအပါအဝင် အခြားအခက်အခဲများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း ကောင်းကင်ပြာ(BSR)အဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။

ယနေ့ နောက်ဆုံးရသတင်းများအရ ကယ်ဆယ်ရေးလှုပ်ရှားမှုကို မြင့်တင်သောအားဖြင့် ရှေ့တန်းစခန်းကို ခါကာဘိုရာဇီတောင်နှင့် အနီးဆုံးရွာဖြစ်သည့် တဟွန်ဒမ်းရွာအထိ ရွှေ့ပြောင်းထားပြီးဖြစ်ကာ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများအားလုံးကိုလည်း ပူတာအိုမှ သယ်ယူရွှေ့ပြောင်းထားပြီးဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ခင်ရတနာ-ရေးသည်



# ဆေးပညာသင်ကြားရေး ဆရာဝန်အသင်း ဖွဲ့စည်းမည်

**ရန်ကုန် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)မှ ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးနှင့် ခရိုင်အလိုက် ဆရာဝန်အသင်းများဖွဲ့စည်းရေးကို အောက်တိုဘာ ၂ ရက်တွင် မြောက်ပိုင်းခရိုင်အတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာန အင်းစိန်မြို့နယ်၌လည်းကောင်း၊ အောက်တိုဘာ ၁၄ ရက်တွင် အရှေ့ပိုင်းခရိုင်အတွက် စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင် သံသုမာလမ်းနှင့် ရတနာလမ်းမထိပ် တောင်ဥက္ကလာပမြို့နယ်၌ လည်းကောင်း၊ အောက်တိုဘာ ၂၉ ရက်တွင် တောင်ပိုင်းခရိုင်အတွက် ရက်မြတ်ခန်းမ Orange(အပေါ်ထပ်) သန်လျင်မြို့မဈေးကြီး သန်လျင်မြို့၌လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲမှ စတင်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဒေသန္တရအခြေအနေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအပေါ်မူတည်၍ ကျောင်းအဆင့်တိုးမြှင့်ခြင်း ဆောင်ရွက်ပေးနေ

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့ပြီး အစည်းအဝေးတွင် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ မေးခွန်း (၁၀) ခု မေးမြန်းဖြေကြားခဲ့ကြသည်။

ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၏ **ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာရှိ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံအား ပြုပြင်ပေးရန်နှင့် ဆရာဝန်တစ်ဦး အစားထိုးခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာအုပ်စု စခန်းသစ်ကျေးရွာရှိ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတွင် လစ်လပ်နေသည့် ဆရာဝန်တစ်ဦးအား မကြာမီခန့်အပ်ပေးရန် စီစဉ်ဆောင် ရွက်လျက်ရှိပါကြောင်း။

စခန်းသစ်ကျေးရွာရှိ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသည် ပြန်လည်ပြုပြင်ရန် လိုအပ်နေပါသဖြင့် အစား



ဒုတိယဝန်ကြီး ဦးသန့်ရှင်း ဖြေကြားစဉ်။

ထိုးပြုပြင်ပေးရန်နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျွန်းစုမြို့နယ် ဆေးရုံဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန် ငွေကျပ်သန်း ၁၀၀၊ တာရာပိုင်း ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန် ငွေကျပ်သန်း ၁၅၀၊ ပထပ် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဆောက်လုပ်ရန် ငွေကျပ်သန်း ၁၅၀ နှင့် ကမ္မော် တိုက်နယ်ဆေးရုံ ဆောက်လုပ်ရန် ငွေကျပ်သန်း ၅၀ တို့ ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ စခန်းသစ်ကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ပြန်လည်ပြုပြင်ရန် ၂၀၁၄-၂၀၁၅ ခုနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေမှ ကျခံပေးနိုင်သော ပမာဏဖြစ်ပါက ကျခံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ **ရွှေကူမြို့နယ် မြို့လှမြို့နယ်ခွဲရှိ မူလတန်းလွန်ကျောင်း သုံးကျောင်းအား ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အလယ်တန်းကျောင်းခွဲများအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပညာရေးဝန်ကြီးဌာနမှ ကျောင်းအဆင့်တိုးမြှင့်ပေးရန် ကျောင်းသားဦးရေပြည့်မီခြင်းရှိ/မရှိ၊ ကျောင်း



ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင် မေးမြန်းစဉ်။

အဆောက်အအုံပရိဘောဂ ပြည့်စုံမှုရှိ/မရှိ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့် လိုအပ်ချက်များအပေါ် မူတည်၍ သတ်မှတ်ထားသည့် မူဝါဒများကို အထူးကိစ္စအဖြစ် ဖြေလျှော့ပြီး ကျောင်းအဆင့်တိုးမြှင့်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် လိုအပ်ချက်များအပေါ် မူတည်၍ ကျောင်းသားဦးရေ သတ်မှတ်ချက်အဆင့် မူဝါဒကို ဖြေလျှော့ပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့က အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် တင်ပြလာပါက ကျောင်းအဆင့်တိုးတန်းစီဇယားတွင် ထည့်သွင်းလျာထား ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်၏ **သဲကုန်းမြို့ ပုတီးကုန်း အထက ကျောင်းအတွက် နှစ်ထပ်ကျောင်းဆောင်ကို မည်သည့်ဘဏ္ဍာနှစ်တွင် ချထားပေးမည်ကို သိလိုသည့်** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပုတီးကုန်းအခြေခံပညာ အထက်တန်းကျောင်းတွင် ပင်မဆောင်(၂၈၀×၃၀)ပေ၊ နှစ်ထပ်ကျောင်းဆောင်(၁၀၀×၃၀)ပေ၊ မဟူရာဆောင်(၂၀၀×၃၀)ပေ၊ နီလာဆောင်တို့အား ပြန်လည်ပြုပြင်ပေးရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ရန်ပုံငွေခေါင်းစဉ်အောက်မှ ငွေကျပ်သန်းပေါင်း ၂၅ သန်း ခွဲဝေပေးပြီး ပြုပြင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ အဆိုပါကျောင်းအတွက် (၁၄၀×၃၀)ပေ၊ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်အတွက် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေကျပ် ၁၃၄ ဒသမ ၄၀ သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်အောက်တွင် လျာထားတင်ပြပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက် ပိုင်းတွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပုဏ္ဏားကျွန်းစက်မှုဇုန်စီမံကိန်းကို မြေဧရိယာ ၁၈၃၃ ဒသမ ၁၅ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၅**

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်း (၆)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း (၁) တစ်ခု တင်သွင်းခြင်းနှင့် အဆို (၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

လွှတ်တော် ကိုယ်စားလှယ်နှစ်ဦး၏ လယ်ယာနှင့်စိုက်ပျိုးရေး ကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးသော်ဇင်ဦး၏ **"မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရွှေချောင်းကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် လိပ်ကုန်းကျေးရွာနှင့် ပုဇွန်ကုန်းတို့တွင် အငြင်းပွားနေသော မြေနုကျွန်းနယ်နိမိတ် (တိုင်းခြားနယ်နိမိတ်)ကို ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ /မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အနေဖြင့် ၂၀၁၂ ခုနှစ် လယ်ယာမြေနည်းဥပဒေ ၁၁၀ ပါ ပြဋ္ဌာန်းချက်အတိုင်း မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ ပူးပေါင်းပါဝင်သော အဖွဲ့ဖြင့် ပခုက္ကူမြို့နယ်နှင့် တောင်သာမြို့နယ်တို့၏ နှစ်စဉ်မြေနုကျွန်း အငြင်းပွားသည့်နေရာများအား အုပ်ချုပ်ရေးနယ်နိမိတ်ကို ခေတ်မီမြေတိုင်းကိရိယာများဖြင့် စနစ်တကျတိုင်းတာ မှတ်တမ်းတင်၍ မြို့နယ်အုပ်ချုပ်ရေးမှတ်တိုင်များ သတ်မှတ်စိုက်ထူပြီး မြေနုကျွန်းမြေများ ခွဲဝေချထားဆောင်ရွက်ရန်၊ အုပ်ချုပ်ရေးမှတ်တိုင် သတ်မှတ်စိုက်ထူရန် အခက်အခဲရှိမှသာ ယခင်သတ်မှတ်ခဲ့သော မြေပြင်အမာခံအမှတ်အသားများအရ တိုင်းတာရေးဆွဲ ဖော်ပြထားသည့် အမျှော်မျဉ်းကြောင်းများအတိုင်း ခွဲခြားဆောင်ရွက်သွားရန်နှင့် ထိုသို့ ဆောင်ရွက်ရာတွင် နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်လာပါက လယ်ယာမြေနည်းဥပဒေ ၁၁၁ ပါ ပြဋ္ဌာန်းချက်အတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ တင်ပြဆောင်ရွက်သွားရန် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များသို့ အကြောင်းကြားထားရှိပြီး ဖြစ်ပါကြောင်း။

လက်ရှိအချိန်တွင် အငြင်းပွားမြေနုကျွန်းမြေသည် ဧရာဝတီမြစ်ရေ ဖုံးလွှမ်းလျက်ရှိပြီး လုပ်ပိုင်ခွင့် ချထားပေးရေးအတွက် ရေကျချိန်မှသာ သက်ဆိုင်ရာတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များက သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် မြေပြင်အခြေအနေ တိုင်းတာညှိနှိုင်း ဖြေရှင်းဆုံးဖြတ်ဆောင်ရွက်နိုင်မည့် အခြေအနေရှိပါကြောင်း။

မကွေးတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ အကြားရှိ မြေနုကျွန်းလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စွာ မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် မြေပြင်ပကတိဖြစ်ပေါ်နေသည့် အခြေအနေအပေါ် ညှိနှိုင်းဖြေရှင်းဆုံးဖြတ်ဆောင်ရွက်ကြရမည့် ကိစ္စဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။



ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြေကြားစဉ်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးစိုးအောင်၏ **"မိတ္ထီလာမြို့နယ် ကန်သာကျေးရွာအုပ်စုရှိ ဆောင်းကြက်သွန်စိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုချေးငွေအနေဖြင့် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ ဆီမုန်ညင်းနှင့် ပဲမျိုးစုံ (ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲ၊ ပဲပုတ်၊ ပဲလွန်း၊ ဘိုကိတ်၊ ကုလားပဲဖြူလုံးကြီး)၊ အစေ့ထုတ်ပြောင်း၊ စက်မှုကုန်ကြမ်းသီးနှံများဖြစ်သော ချည်မျှင်ရှည်ဝါ၊ ဂုန်လျှော် အစရှိသည့် ချေးငွေများအတွက် တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်း၊ ချက်ကြံတစ်ဧကလျှင် ကျပ် တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် လွှမ်းခြုံမှုရှိသည့် အဓိက သီးနှံဖြစ်သော စပါးသီးနှံ၊ ဆီထွက်သီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံတို့အား အဓိက ဦးစားပေး ထုတ်ချေးနေပါကြောင်း။

ကြက်သွန်စိုက်ပျိုးထုတ်လုပ်မှု အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ တစ်နိုင်ငံလုံးလွှမ်းခြုံမှု မရှိသေးသော စားဖိုဆောင်သီးနှံအမယ်ဖြစ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသည့် သီးနှံအမျိုးအစား သတ်မှတ်ချက်တွင် မပါဝင်ခြင်းကြောင့် ကြက်သွန်စိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း၊ ကြက်သွန်စိုက်ပျိုးသော တောင်သူများအနေဖြင့် သမဝါယမဝန်ကြီးဌာနက သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ ချေးငွေရရှိရေး သက်ဆိုင်ရာ သမဝါယမဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်၏ **"မလေးရှားနိုင်ငံတွင် မြန်မာလူမျိုးများကို ရွေးချယ်ပြီး အကြမ်းဖက်သတ်ဖြတ်မှုများအား တားဆီးရန် မည်သို့လုပ်ဆောင်နေသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့၏ အခြေခံဥပဒေအရ နိုင်ငံရေး၊ စစ်ရေး၊ လူမျိုးရေး၊ ဘာသာရေးနှင့် ဆက်နွှယ်သည့်ကိစ္စရပ်များတွင် အကူအညီတောင်းခံခြင်း မပြုနိုင်ဘဲ ပြစ်မှုကျူးလွန်သူများကိုသာ အပြန်အလှန်တောင်းဆိုခွင့်၊ အကူအညီပေးခွင့် ရှိပါကြောင်း။

နိုင်ငံရပ်ခြားတွင် မှုခင်းဖြစ်ပွားပြီး ထွက်ပြေးတိမ်းရှောင်နေသည့် ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားများကို မိမိနိုင်ငံအတွင်း ကူညီစုံစမ်းပေးခြင်း၊ ရှာဖွေဖမ်းဆီးပြီး ပြန်လည်



ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ် ရှင်းလင်းစဉ်။

လွှဲပြောင်းပေးခြင်း၊ မိမိနိုင်ငံတွင် မှုခင်းဖြစ်ပွားပြီး ပြည်ပနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်နေသည့် ပြစ်မှုကျူးလွန်သူ မြန်မာနိုင်ငံသားများအား ဖမ်းဆီးရမိရေးတို့အတွက် အဖွဲ့ဝင်နိုင်ငံများထံ ဆက်သွယ် အကူအညီတောင်းခံခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံရပ်ခြားတွင် ဖြစ်ပွားသောပြစ်မှုများကို ထိုနိုင်ငံ၏ တည်ဆဲဥပဒေ တစ်ရပ်ရပ်ဖြင့်သာ အရေးယူ ဆောင်ရွက်ခြင်းဖြစ်ရာ ထိုနိုင်ငံ၏ ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးဆောင်ရွက်မှုနှင့် တရားစီရင်ပိုင်ခွင့်တို့ကို မိမိတို့နိုင်ငံအနေဖြင့် ဝင်ရောက်စွက်ဖက်ပိုင်ခွင့်မရှိကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများသည် မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာနှင့် ကောင်စစ်ရေးရာဌာန ဒုတိယအကြီးအကဲနှင့်အဖွဲ့ကို ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင် သွားရောက်တွေ့ဆုံဆွေးနွေးပြီး မလေးရှားနိုင်ငံရှိ မြန်မာနိုင်ငံသားများအား ထပ်မံအကြမ်းဖက်တိုက်ခိုက်မှု မရှိစေရေးအတွက် ကာကွယ်စောင့်ရှောက်ပေးရန်နှင့် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များအပေါ်တွင် ကျူးလွန်သည့်တရားခံများအား အမြန်ဆုံးဖော်ထုတ်အရေးယူပေးရန် တောင်းဆိုခဲ့ပါကြောင်း။

မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာနှင့် ကောင်စစ်ရေးရာဌာန အကြီးအကဲများက ဖြစ်ပွားခဲ့သည့် ရာဇဝတ်မှုခင်းဖြစ်စဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများသို့ အမြန်ဆုံး အကြောင်းကြားပေးခဲ့ပါကြောင်း၊ မြန်မာသံရုံး၊ စစ်သံရုံးနှင့် သံရုံးဝန်ထမ်းများ၊ မြန်မာနိုင်ငံသားများ၏ လုံခြုံရေးနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ပေးရန် မလေးရှား ရဲတပ်ဖွဲ့ဌာနအသီးသီးသို့ ဆက်လက်ညွှန်ကြားပေးသွားမည် ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသားများ လုံခြုံရေးကိစ္စအား အလေးအနက်ထားဆောင်ရွက်ပေးသွားမည်ဟု ပြန်လည်ပြောကြားခဲ့ပါကြောင်း။

မလေးရှားနိုင်ငံရှိ မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးတို့က ဥပဒေနှင့်အညီရပ်တည်ကာ မိမိနိုင်ငံသားများဘက်မှ နစ်နာမှုမရှိစေရေးအတွက် ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မလေးရှားနိုင်ငံရောက် မြန်မာလူမျိုးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် နိုင်ငံခြားရေး

*စာမျက်နှာ ၈ ကော်လံ ၁*

ပြည်တွင်းသတင်း

# ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လာအိုသမ္မတနှင့် တာဝန်ရှိသူများအားတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၅**

(၃၅)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံသို့ တက်ရောက်ရန်အတွက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့သို့ ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် စက်တင်ဘာ ၁၅ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Choummaly SAYASONE နှင့် သမ္မတအိမ်တော်၌ လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Thongsing Thammavong နှင့် အစိုးရအဖွဲ့ရုံး၌ လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ASEAN INTER-PARLIAMENTARY ASSEMBLY (AIPA) ဥက္ကဋ္ဌဖြစ်သူ H.E. Mme Pany YATHOTOU နှင့် လွှတ်တော်အဆောက်အအုံ၌လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် နာယကက မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် မိတ်ဆွေကောင်းများဖြစ်ကြပြီး တစ်ဦးက လိုအပ်လာချိန်တွင် တစ်ဦးက အမြဲကူညီခဲ့ကြပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသလို CLMB အဖွဲ့ဝင်နိုင်ငံများလည်း ဖြစ်ကြပါကြောင်း၊ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားရေး အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လာအို-မြန်မာ နှစ်နိုင်ငံသည် ရေမြေရာသီဥတုတူညီပြီး ယဉ်ကျေးမှုလည်းတူညီကြပါကြောင်း၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စု လွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Choummaly SAYASONE နှင့် တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Thongsing Thammavong တို့ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

## ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ဝင်များ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ အာဆီယံပါလီမန်များညီလာခံတက်ရောက်ရန်နှင့်ချစ်ကြည်ရေးခရီးရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ထောင်စု လွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mme Pany YATHOTOU ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးလည်ပတ်ရန်နှင့် (၃၅)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံတက်ရောက်ရန် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးလှမြင့်ဦး၊ ဒေါက်တာစိုးရင်၊ ဦးဇော်မြင့်ဖေ၊ ဦးခင်မောင်ရီ၊ ဦးညွန့်တင်၊ ဦးညွန့်လှိုင်၊ ဦးဝင်းသန်း၊ ဒေါ်ရီရီမြင့်၊ ဒေါ်မြင့်မြင့်စန်း၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ရောက်ရှိခဲ့ကြသည်။ လေဆိပ်တွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းမောင်၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) စစ်သံမှူး ဗိုလ်မှူးချုပ် ချစ်ဆွေနှင့်သံရုံးဝန်ထမ်းများက ကြိုဆိုခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Wattay International Airport သို့ ဒေသစံတော်ချိန် ည ၈ နာရီ မိနစ် ၅၀ တွင် ရောက်ရှိကြပြီး လေဆိပ်၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီဥက္ကဋ္ဌ Hon.B.G၊ Vilay Duangmany ၊ စီးပွားရေးစီမံကိန်းနှင့် ငွေကြေးကော်မတီဒုတိယဥက္ကဋ္ဌ Hon. Dr. Mrs. Buakham Thipphavong နှင့် တာဝန်ရှိသူများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် သံရုံးဝန်ထမ်းများက Wattay International Airport တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

### အမျိုးသားလွှတ်တော်အစည်းအဝေးမှ

ဝန်ကြီးဌာန မလေးရှားနိုင်ငံ မြန်မာသံရုံးနှင့် စစ်သံရုံးတို့က မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာနှင့် ကောင်စစ်ရေးရာဌာန အကြီးအကဲများနှင့် တွေ့ဆုံညှိနှိုင်းပေါင်းစပ်ပြီး သံတမန်နည်းလမ်းအရ ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော် မှုခင်းဌာနအနေဖြင့်လည်း မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့ အတွင်းရေးမှူးရုံး၊ မလေးရှားနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ဆက်သွယ်ပူးပေါင်းပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုတို့အရ ကူညီဆောင်ရွက်ပေးလျက် ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က **၁၉၆၀ ပြည့်နှစ် ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**အား တင်သွင်းရာ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ တင်သွင်းထားသည့် **"ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများ နေပျော်လာအောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အခြေအနေအရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်တင်အောင်ချစ်က ရခိုင်ပြည်နယ်အတွင်း ရခိုင်လူမျိုးများနေပျော်လာစေရန် ဒေသအတွင်း တည်ငြိမ်အေးချမ်းခြင်း၊ ကောင်းမွန်စိတ်ချရသည့် လူမှုလုံခြုံရေးစနစ်ရှိခြင်း၊ ကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေး၊ လိုအပ်ချက်နှင့်ကိုက်ညီသည့်ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများပြည့်စုံမှု၊ လူတစ်ဦးချင်းမှသည် မိသားစုအဆင့်အထိ လုံလောက်သောဝင်ငွေနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းပေါများခြင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေအနေကောင်းများ ဖြစ်ထွန်းခြင်း၊ သဟဇာတဖြစ်သည့် လူ့အသိုင်းအဝိုင်းရှိခြင်း စသည်တို့နှင့်ပြည့်စုံမှသာ ဒေသခံပြည်သူများ နေပျော်မည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေးအတွက် ယနေ့အထိ စုစုပေါင်း မြေလမ်း ၄၈၆ မိုင် ၇ ဖာလုံ၊ ကျောက်လမ်း ၅၂၉ မိုင် ၅ ဖာလုံ၊ ကွန်ကရစ်လမ်း ၈၀ မိုင် ၁ ဖာလုံ၊ ကတ္တရာလမ်း ၇၁၁ မိုင် ၂ ဖာလုံ၊ သစ်သားနှင့် ကွန်ကရစ်တံတား စုစုပေါင်း ၁၂၃၃ စင်း၊ ရေပြွန် ၁၄၁ စင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ပညာရေးကဏ္ဍအတွက် အခြေခံပညာ မူလတန်းကျောင်း ၂၆၀၄ ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း ၁၅၁ ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း ၉၆ ကျောင်းနှင့် ဆရာ၊ ဆရာမ စုစုပေါင်း ၁၅၅၉၄ ဦး ခန့်ထားပြီး ရခိုင်ပြည်နယ်အတွင်း ပညာရေးအခန်းကဏ္ဍ တိုးတက်စေရေး စီမံဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကျန်းမာရေးကဏ္ဍအတွက် ရခိုင်ပြည်နယ်အတွင်း ကျေးလက်ကျန်းမာရေးဌာန ၁၃၇ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၂၀၊ ဆေးရုံ ၅၆ ရုံ၊ ကျန်းမာရေးဝန်ထမ်း စုစုပေါင်း ၁၉၅၈ ဦးဖြင့် ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါတိုက်ဖျက်ရေးနှင့် ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဏ္ဏားကျွန်းစက်မှုဇုန်စီမံကိန်းတွင် အထည်ချုပ်လုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများ၊ လူသုံးကုန်လုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများ၊ ဓာတုဗေဒ လုပ်ငန်းများ၊ ပလတ်စတစ်ထုတ်လုပ်ငန်းများ၊ သစ်နှင့် ပရိဘောဂစက်ရုံ၊ ပုံနှိပ်နှင့် စက္ကူလုပ်ငန်းများ၊ ယာဉ်နှင့် ယာဉ်အပိုပစ္စည်းလုပ်ငန်းများ၊ ဆန်စက်နှင့် အမှုန့်ကြိတ်စက်ရုံ၊ အအေးခန်းစက်ရုံများ၊ ရေနှင့်ရေထွက်ပစ္စည်းစက်ရုံများ ပါဝင်မည်ဖြစ်ပြီး ပုဏ္ဏားကျွန်းစက်မှုဇုန်စီမံကိန်းကို မြေဧရိယာ ၁၈၃၃ ဒသမ ၁၅ ဧကတွင် စီမံကိန်းတန်ဖိုး ငွေကျပ် ၇၄ ဒသမ ၈၀၆ ဘီလီယံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရသေ့တောင်မြို့မှ ၉ မိုင်ခန့်အကွာ ဩရမတောင်တန်း၏ အနောက်ဘက် မြေဧရိယာ ၁၅၆၃၁ ဧက၌ ရသေ့တောင်စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ကို သိရှိရပါကြောင်း၊ ကျောက်ဖြူအထူး စီးပွားရေးဇုန်စီမံကိန်းကို ကျောက်ဖြူမြို့၏ အရှေ့တောင်ဘက် ၃ ဒသမ ၈ မိုင်ခန့်အကွာတွင် ဧရိယာ ၁၂၈၅ ဧက၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စစ်တွေ၊ မြောက်ဦး၊ ကျောက်ဖြူ၊ သံတွဲဒေသများ၌ ဟိုတယ်နှင့်ခရီးသွားလာရေးစီမံကိန်း ပိုမိုဖြစ်ထွန်းအောင်မြင်လာစေရေးနှင့် ဒေသခံတိုင်းရင်းသားများ၏ အလုပ်အကိုင်အခွင့်အလမ်း၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဟိုတယ်ဇုန်များဖော်ထုတ်၍ ကမ်းခြေနှင့် အပန်းဖြေဒေသ ခရီးစဉ်၊ ယဉ်ကျေးမှုနှင့်သက်ဆိုင်သောဒေသခရီးစဉ်၊ သဘာဝအခြေခံခရီးစဉ် စသည့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ကို သိရှိရပါကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နေရာများနှင့် လွတ်ကင်းသည့် မြောက်ဦးမြို့ ထမ္မရာဇ်ရပ်ကွက်တွင် ဟိုတယ်ဇုန်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ကို သိရှိရပါကြောင်း။

လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် သူ့ငွေချေးရေအားလျှပ်စစ် စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စီမံကိန်းပြီးစီးမည်ဟု သိရှိရပါကြောင်း၊ ရခိုင်ပြည်နယ်တစ်ခုလုံးကိုလွှမ်းခြုံ၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရေးအတွက် မန်း-အမ်း ၂၃၀ ကေဗွီဓာတ်အားလိုင်း၊ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ၂၃၀ ကေဗွီဓာတ်အားလိုင်း၊ ဉသျှစ်ပင်-တောင်ကုတ် ၂၃၀ ကေဗွီဓာတ်အားလိုင်း၊ တောင်ကုတ်-မအီ ၂၃၀ ကေဗွီဓာတ်အားလိုင်း၊ မအီ-ကျောက်ဖြူ ၂၃၀ ကေဗွီဓာတ်အားလိုင်းများကို စနစ်တကျစီမံကိန်းချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တန်ချိန် ၆၀၀၀ ရေယာဉ်များ ဝင်/ထွက်နိုင်မည့် စစ်တွေရေနက်ဆိပ်ကမ်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတားများ တည်ဆောက်ခြင်းနှင့် စစ်တွေမှ ပလက်ဝအထိ ကုလားတန်မြစ်ကြောင်းတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၉၉ ဒသမ ၂၅ မိုင်ရှိ မင်းဘူး- အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်၏ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်လာရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

**ဆုံးဖြတ်**

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

### ❍ ရွှေဖုံးမှ

ပင်လယ်ပြင်အတွေ့အကြုံ ရရှိစေရန် ပင်လယ်ပြင်ခရီးသွားလာမှု လက်တွေ့လေ့ကျင့်ရန်နှင့် နှစ်နိုင်ငံရေတပ်များအကြား ချစ်ကြည်ရင်းနှီးမှု ရရှိစေရန်အတွက် လာရောက်ခြင်း ဖြစ်ကြောင်း သိရသည်။

စစ်ရေယာဉ်တွင် စင်ကာပူရေတပ်မှ Lieutenant Colonel OOILOONG ဦးစီး၍ အရာရှိနှင့် အခြားအဆင့် ၂၃၀ လိုက်ပါလာပြီး မြန်မာနိုင်ငံတွင် စက်တင်ဘာ ၁၅ ရက်မှ ၁၉ ရက် အထိ ငါးရက်ကြာ နေထိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းသစ်**

❊ ရှေ့ဖုံးမှ

အာဆီယံပဋိညာဉ်စာတမ်းအရ အာဆီယံ၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းမှာ အာဆီယံနိုင်ငံများ၏ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ခေါင်းဆောင်များ တက်ရောက်သည့် အာဆီယံထိပ်သီးအစည်းအဝေးဖြစ်ပါကြောင်း။

ပထမအကြိမ် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံ ၁၀ နိုင်ငံမှ နိုင်ငံခေါင်းဆောင်များသာ တက်ရောက်ကြသော်လည်း ဒုတိယအကြိမ် အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် အာဆီယံနှင့် ဆွေးနွေးဖက် အဖွဲ့ဝင်နိုင်ငံများ၊ အရှေ့အာရှ ထိပ်သီးအစည်းအဝေးအဖွဲ့ဝင်နိုင်ငံများနှင့် အခြားဖိတ်ကြားထားသည့် ဧည့်သည်နိုင်ငံများပါ ပါဝင်တက်ရောက်ကြခြင်းဖြစ်သည့်အတွက် ဒုတိယအကြိမ် အစည်းအဝေးသည် ပိုမိုကျယ်ပြန့်ပါကြောင်း။

ထို့ကြောင့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို အောင်မြင်စွာ လက်ခံကျင်းပပေးနိုင်ရေးအတွက် ဘာသာရပ်ပိုင်းဆိုင်ရာကိစ္စတွင်သာမက အစည်းအဝေးကျင်းပရေးဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍများတွင်ပါ ယခင်အစည်းအဝေးများထက် ပိုပြီးကြိုးပမ်းအားထုတ်သွားရန် လိုအပ်ပါကြောင်း။

၂၀၁၄ ခုနှစ်၏ ပထမနှစ်ဝက်ကာလတွင် အစည်းအဝေးများကို အောင်မြင်စွာ လက်ခံကျင်းပပေးနိုင်ခဲ့၍ မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ သက်တမ်းတွင် နောက်ဆုံးလက်ခံကျင်းပပေးရသည့် အစည်းအဝေးနှင့် အရေးပါဆုံး အစည်းအဝေးအဖြစ် မှတ်တမ်းတင်ရှိနေမည့်(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင်လည်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် ထိပ်သီးနှင့်ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို တက်ရောက်ရန်အတွက် အာဆီယံနိုင်ငံများနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေး (EAS) အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယ၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့မှ အကြီးအကဲများနှင့်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြမည်ဖြစ်ပါကြောင်း။

ပြီးခဲ့သည့် (၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးတွင် ပြည်ပမှကိုယ်စားလှယ် ၁၇၃၆ ဦး၊ ပြည်တွင်းမှ ကိုယ်စားလှယ်များနှင့် အထောက်အကူပြုဝန်ထမ်းများ စုစုပေါင်း ၄၇၅၄ ဦး တက်ရောက်ခဲ့ပါကြောင်း၊ မေလအတွင်းက ကျင်းပခဲ့သည့် (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ပြည်ပကိုယ်စားလှယ် ၇၂၇ ဦး၊ ပြည်တွင်းမှ ကိုယ်စားလှယ်များနှင့် အထောက်အကူပြုဝန်ထမ်း ၃၉၄၇ ဦး စုစုပေါင်း ၄၆၇၄ ဦး တက်ရောက်ခဲ့ကြပါကြောင်း။

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွက် အွန်လိုင်းမှတ်ပုံတင်ခြင်းကို မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌအင်တာနက်စာမျက်နှာတွင် ပြည်တွင်း၊ ပြည်ပကဏ္ဍနှစ်ရပ်ခွဲပြီး မှတ်ပုံတင်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်ပမှ ကိုယ်စားလှယ်များအတွက် အောက်တိုဘာ ၁ ရက်မှ စတင်ပြီး အောက်တိုဘာ ၃၀ ရက်အထိ လည်းကောင်း၊ ပြည်တွင်းမှ ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနအသီးသီးမှ အထောက်အကူပြုဝန်ထမ်းများအတွက် စက်တင်ဘာ ၂၂ ရက်မှ စတင်ပြီး အောက်တိုဘာ ၂၂ ရက်အထိလည်းကောင်းအသီးသီး အွန်လိုင်းမှတ်ပုံတင်နိုင်မည်ဖြစ်ပါကြောင်း၊ မီဒီယာများ အွန်လိုင်းမှတ်ပုံတင်ခြင်းကို စက်တင်ဘာ ၂ ရက်မှစ၍ အောက်တိုဘာ ၁၅ ရက်အထိ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ဒုတိယအကြိမ် အာဆီယံထိပ်သီးအစည်းအဝေးကျင်းပစဉ် ကာလအတွင်း အာဆီယံနိုင်ငံခေါင်းဆောင်များအနေဖြင့် အာဆီယံစီးပွားရေးအတိုင်ပင်ခံကောင်စီ (ASEAN Business Advisory Council) အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကျင်းပလေ့ရှိပြီး အိမ်ရှင်နိုင်ငံ အစိုးရနှင့်

## ပြည်တွင်းသတင်း

စီးပွားရေးအဖွဲ့အစည်းများ ပူးပေါင်းပြီး အာဆီယံစီးပွားရေး လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (ASEAN Business and Investment Summit (ABIS) နှင့် အာဆီယံစီးပွားရေးလုပ်ငန်းစု (ASEAN Business Award (ABA) ပေးပွဲအခမ်းအနား ကျင်းပမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က စီးပွားရေးမဏ္ဍိုင် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအေးမြင့်ကြူက အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဆိုင်ရာ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံအာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းဆိုင်ရာ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဆပ်ကော်မတီအသီးသီး၏ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် UMFCCI မှ တာဝန်ရှိသူတို့က မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# လျှပ်စစ်ဓာတ်အားကို ပြည်သူများထံသို့ တတ်နိုင်သည့်ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးနိုင်ရေးသည် ပြည်သူတို့အတွက် အကျိုးကျေးဇူးများရရှိခံစားနိုင်

**နေပြည်တော် စက်တင်ဘာ ၁၅**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနတို့နှင့် ကမ္ဘာ့ဘဏ် (World Bank) တို့ ပူးပေါင်းကျင်းပသော စတုတ္ထအကြိမ် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၅ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC-II)၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး စတုတ္ထအကြိမ် အမျိုးသား လျှပ်စစ်ဓာတ်အား ရရှိရေးစီမံချက် အလုပ်ရုံ ဆွေးနွေးပွဲ၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အလုပ်ရုံ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးမောင်မြင့်၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး အမှုဆောင်ကော်မတီအဖွဲ့ဝင်များ၊ ကျေးလက်ဒေသလျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ဖိတ်ကြားထားသူများ၊ တိုင်းဒေသကြီး/ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ World Bank အတိုင်ပင်ခံအဖွဲ့၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယခုအလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်ရေးအတွက် အဓိကရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး နိုင်ငံတကာအတွေ့အကြုံနှင့် ဗဟုသုတများကို ဖလှယ်ရန်အလေ့အကျင့်ကောင်းများ၊ နည်းစနစ်များ ဖြစ်ထွန်းရန်နှင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်အပေါ် အကြံပြုချက်များပေးနိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။

အရည်အသွေး ပြည့်ဝပြီး စိတ်ချရသည့် လျှပ်စစ်ဓာတ်အားကို ပြည်သူများထံသို့ တတ်နိုင်သည့် ဈေးနှုန်းဖြင့်ဖြန့်ဖြူးပေးနိုင်ရေးသည် အလွန်အရေးပါပြီး ပြည်သူတို့အတွက် အကျိုးကျေးဇူးများရရှိ ခံစားစေနိုင်မည်ဖြစ်ပါကြောင်း။

၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ထောင်စုအားလုံးအတွက် လျှပ်စစ်ဓာတ်အားပေးနိုင်ရေး ရည်မှန်းချက်ထားပြီး အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ကို ရေးဆွဲရခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ရည်မှန်းထားသည့်အတွက် ယခုမှစပြီး နောင် ၁၆ နှစ်တာကာလအတွင်း အိမ်ထောင်စုပေါင်း ၇ ဒသမ ၂ သန်းခန့်ကို လျှပ်စစ်ဓာတ်အား ထပ်မံတိုးချဲ့ဆက်သွယ်ပေးရမှာ ဖြစ်ကြောင်း၊ လွန်ခဲ့သော သုံးနှစ်တာကာလဖြစ်သည့် ၂၀၁၁ ခုနှစ်တွင် စုစုပေါင်း အိမ်ထောင်စုဦးရေ၏ ၂၇ ရာခိုင်နှုန်းဖြစ်သည့် အိမ်ထောင်စုပေါင်း ၂ ဒသမ ၄၂ သန်းသာ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ်စာရင်းအရ အိမ်ထောင်စု ၃ ဒသမ ၀၁ သန်း လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ပြီဖြစ်သည့်အတွက် ၃၃ ရာခိုင်နှုန်းအထိ တိုးတက်လာပါကြောင်း၊ ယခင် ရန်ကုန်တိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင်သာ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ခဲ့သော်လည်း ယခုအခါတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ မိုးကောင်းနှင့် မိုးညှင်းမြို့များ၊ ချင်းပြည်နယ်ရှိ ဂန့်ဂေါနှင့် ဟားခါးမြို့များ၊ ရှမ်းပြည်နယ်ရှိ မိုင်းရယ်၊ တန့်ယန်း၊ မိုင်းနောင်နှင့် ကွန်ဟိန်းမြို့များ၊ ရခိုင်ပြည်နယ်ရှိ တောင်ကုတ်၊ သံတွဲမြို့များသို့ National Grid မှ ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ပါကြောင်း။

နှစ်စဉ် အိမ်ထောင်စုပေါင်း နှစ်သိန်းခန့်ကို လျှပ်စစ်ဓာတ်အား တိုးချဲ့ဆက်သွယ်ပေးနိုင်သော်လည်း ယင်းတိုးတက်မှုနှုန်းအတိုင်းသွားနေလျှင် ၂၀၃၀ ပြည့်နှစ်တွင် ပြည်သူအားလုံး လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေးမှာမဖြစ်နိုင်ကြောင်း သုံးသပ်ရရှိသည့်အတွက် ပိုမိုသင့်လျော်သော နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်၊ လာအိုနှင့် တရုတ်နိုင်ငံတို့၏ အတွေ့အကြုံများအရ လျှပ်စစ်ဓာတ်အားရရှိမှု ရာခိုင်နှုန်း ၃၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းခန့်အထိဖြစ်လာရန် ဆယ်စုနှစ် နှစ်ခုအတွင်း ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံတွင်လည်း ၁၆ နှစ်ကာလအတွင်း တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်အောင်မြင်နိုင်မည်ဟု ယုံကြည်ထားသည်။ နှစ်စဉ် လျှပ်စစ်ဓာတ်အား ဆက်သွယ်တပ်ဆင်မှုကို နှစ်ဆခန့် တိုးမြှင့်ဆောင်ရွက်နိုင်လျှင် ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက်ကို ပြည့်မီမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ကမ္ဘာ့ဘဏ်၏ Consulatant များ၏ လေ့လာတွက်ချက်မှုအရ လက်ရှိမဟာဓာတ်အားလိုင်းများနှင့် အနာဂတ်တွင် တိုးချဲ့တည်ဆောက်ရန် လျာထားသော မဟာဓာတ်အားလိုင်းများမှ ကီလိုမီတာ ၅၀ အတွင်း ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ တိုးချဲ့ဆက်သွယ်ပေးခြင်းဖြင့် တစ်နိုင်ငံလုံးရှိ လူဦးရေ၏ ၉၉ ရာခိုင်နှုန်းမှာ လျှပ်စစ်ဓာတ်အား ရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ National Grid မှ တိုးချဲ့၍ ဓာတ်အားဖြန့်ဖြူးရေး Medium Voltage လိုင်းများ တည်ဆောက်ရာတွင်လည်း လူဦးရေထူထပ်ပြီး National Grid နှင့် အနီးဆုံးဒေသများသို့ ပထမအဆင့်၊ ဝေးလံဒေသများသို့ ဒုတိယအဆင့် လူနေကျဲပြီး သွားလာရေးခက်ခဲသည့်ဒေသများသို့ တတိယအဆင့် စသည်ဖြင့် Phase အလိုက် တည်ဆောက်ရမည်ဖြစ်ပါကြောင်း။

ယင်းကဲ့သို့ National Grid မှ တိုးချဲ့ ဓာတ်အားပေးနိုင်ရေးဆောင်ရွက်နေချိန်တွင် နောင် ၁၀ နှစ်၊ ၁၅ နှစ်ကြာမှ ဓာတ်အားစနစ် ရောက်ရှိနိုင်သောဝေးလံသည့်ဒေသမှ ပြည်သူများကို အနည်းဆုံးအနေဖြင့် အလင်းရောင်နှင့် TV အတွက် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်စေမည့် mini grid နှင့် off grid တို့ဖြင့် Pre-electrification ကို ကြိုတင်ဆောင်ရွက်ပေးထားရမည်ဖြစ်ပါကြောင်း။

ဝေးလံသော ဒေသဖွံ့ဖြိုးရေးကို စီမံချက်များဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် ပူတာအိုဒေသတွင် အသေးစားရေအား လျှပ်စစ်စီမံကိန်းတို့ကို မြေပြင်ကွင်းဆင်းတိုင်းတာခြင်းနှင့် အကြိုတည်ဆောက်ရေးလုပ်ငန်းများ စတင်ရန် စီစဉ်ထားပြီး ဖြစ်ပါကြောင်း၊ အလားတူ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လေရှီးမြို့နယ် မတူဂီ၊ လဟယ်မြို့နယ် ဟွေထိုက်၊ နန်ယွန်းမြို့နယ် တိုင်ခမ်း အသေးစားရေအားလျှပ်စစ်စီမံကိန်း သုံးခုကို စူးစမ်းတိုင်းတာပြီးဖြစ်၍ အကောင်အထည်ဖော် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် အရင်းအမြစ်များကိုလည်း စူးစမ်းရှာဖွေလျက်ရှိရာ ရခိုင်ပြည်နယ်တွင် ၁၀ နေရာ၊ ချင်းပြည်နယ်တွင် တစ်နေရာ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ငါးနေရာ၊ ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်နေရာတို့ကို တိုင်းတာတွေ့ရှိထားပြီး ၈၀ မဂ္ဂါဝပ်မှ ၁၀၀ မဂ္ဂါဝပ်အထိ အသီးသီးထွက်ရှိနိုင်သောကြောင့် National Grid နှင့် ဝေးသောနေရာများတွင် mini grid ဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသ လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး ကော်မတီကို ဦးဆောင်ဦးရွက်ပြု၍ ပြန်လည်ဖွံ့ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များကို အသုံးပြုကာ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများကို ကာလတိုကာလရှည်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၁၈၈ ရွာ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်ကျေးရွာပေါင်း ၃၇၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာပေါင်း ၁၄၉၁ ရွာ စုစုပေါင်း သုံးနှစ်ကာလအတွင်း ၂၀၄၉ ရွာတွင် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်သုံး ကျေးလက်မီးလင်းရေး လုပ်ငန်းများကိုဆောင်ရွက်ပေးနိုင်ခဲ့ပြီး အိမ်ထောင်စုပေါင်း ၂၃၉၈၆၁ စု လူဦးရေပေါင်း ၁ ဒသမ ၂ သန်းကို အကျိုးပြုစေခဲ့ပါကြောင်း။

၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအနှံ့အပြားရှိ ကျေးရွာများအားလုံး လျှပ်စစ်မီးရရှိရေး ရည်မှန်း၍ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ အမျိုးသား လျှပ်စစ်မီးလင်းရေး စီမံချက်ကို ရေးဆွဲခဲ့ခြင်းဖြစ်ပြီး၊ ယခုစီမံချက်တွင် နယ်မြေဒေသ အသီးသီးအလိုက် သင့်လျော်မည့်နည်းစနစ်များ၊ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို ထည့်သွင်းရေးဆွဲထားပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ World Bank မှ Country Manager Mr. AbdoulayeSeck က လွန်ခဲ့သော ၁၈ လမှစတင်ပြီး မြန်မာနိုင်ငံ လျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်အား ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုစတုတ္ထအကြိမ် အလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် တူညီသော ရည်မှန်းချက်ဖြင့် အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းများ၊ သုတေသန အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ အတူတကွ ပါဝင်ကြပါကြောင်း။

အဓိကရည်မှန်းချက်ပန်းတိုင်မှာ ၂၀၃၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးကို ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ထားပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံတွင် လူသုံးဦးအနက် တစ်ဦးသာလျှပ်စစ်ဓာတ်အားရရှိသည့် အနေအထားဖြစ်သည့်အတွက် ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိရေးသည် ပြီးပြည့်စုံသော ရည်မှန်းချက်ပင်ဖြစ်ပါကြောင်း၊ နောင်လာမည့် (၁၅)နှစ်အတွင်း လူဦးရေ သန်း ၄၀ အား လျှပ်စစ်ဓာတ်အားပေးနိုင်ရန် လိုအပ်နေခြင်းဖြစ်ပါကြောင်းနှင့် လက်ရှိ ရေအားလျှပ်စစ်ဓာတ်အားပေးထားသည့် အိမ်ထောင်စုလူဦးရေ၏ နှစ်ဆခန့်အား လျှပ်စစ်ဓာတ်အား ဆက်သွယ်ပေးရန် လိုအပ်နေခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် သထုံဓာတ်အားပေးစက်ရုံစီမံကိန်းအတွက် IDA ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၄၀ ဖြင့် ဆောင်ရွက်ခွင့်ကို ကမ္ဘာ့ဘဏ်၏ ဒါရိုက်တာအဖွဲ့က ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် သဘောတူခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား မလုံလောက်မှုနှင့် ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပုဂ္ဂလိကဓာတ်အားထုတ်လုပ်သူများ (IPP) ပိုမို လုပ်ဆောင်လာနိုင်စေရန် ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေပါကြောင်း။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၄၀၀ ထောက်ပံ့ပေးရန် ကတိပြုထားပြီးဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက National Electrification Program နှင့်ပတ်သက်၍ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး အမှုဆောင်ကော်မတီအဖွဲ့ဝင်များ၊ ကျေးလက်ဒေသ လျှပ်စစ်မီးနှင့် သောက်သုံးရေ ရရှိရေးကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ဖိတ်ကြားထားသူများ၊ တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ World Bank အတိုင်ပင်ခံအဖွဲ့နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများက အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း



# ပန်ကာလေးဖက်ပါ မာလ်တီကော်ပတာကို အဆင့်မြှင့်ဆက်လက်တီထွင်မည်ဟု အင်ဂျင်နီယာတစ်ဦးကဆို

ရန်ကုန် စက်တင်ဘာ ၁၅

**ပြည်ပနိုင်ငံရှိ တက္ကသိုလ်များတွင် နည်းပညာပိုင်းဆိုင်ရာတီထွင်မှုများကို ကျောင်းသားများကိုယ်တိုင် တီထွင်စမ်းသပ်လျက်ရှိပြီး မြန်မာနိုင်ငံရှိ ကျောင်းသားလူငယ်များကလည်း မာလ်တီကော်ပတာဟုခေါ်သည့် ပန်ကာလေးလုံးတပ်ဆင်ထားသော ယာဉ်ပျံအသေးကို တီထွင်စမ်းသပ်လျက် သဘာဝဘေးအန္တရာယ်၊ မီးဘေး၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးနှင့် စီးပွားရေးလုပ်ငန်းတို့တွင် ထဲထဲဝင်ဝင်အသုံးပြုနိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားလျက်ရှိပြီး လက်ရှိတွင် ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းအချို့၌ အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။**

"အခုထွင်ထားတဲ့ မာလ်တီကော်ပတာက လက်လေးဖက်နဲ့ အကွာအဝေး အမြင့်တစ်မိုင်ခွဲထိ မိနစ် ၂၀ ကြာပျံသန်းနိုင်တဲ့ ယာဉ်ကို တီထွင်ထားတာပါ။ တီထွင်စမ်းသပ်နေတာ ခုနစ်လကျော်ပဲရှိသေးတယ်၊ ၁.၂ ကနေ ၂ ကီလိုဂရမ်ထိ ပစ္စည်းအလေးချိန်ကို သယ်ဆောင်နိုင်တဲ့အတွက် US နိုင်ငံထုတ် လက်သုံးလုံးအရွယ် တိုက်ရိုက်မှတ်တမ်းတင်ကင်မရာကို သယ်ဆောင်နိုင်ပါတယ်။ လက်ရှစ်ဖက်ပန်ကာနဲ့ဆိုရင် လေးကီလိုဂရမ် အလေးချိန်ပစ္စည်းကို သယ်ဆောင်နိုင်တဲ့အတွက် လူ၊ ယာဉ်တွေ သွားလို့မရတဲ့နေရာတွေအတွက် ပိုပြီးအဆင်ပြေတဲ့ အနေအထားပါ။ လူငယ်တွေအထူးသဖြင့် ကျောင်းသားတွေ ပညာရပ်ပိုင်းဆိုင်ရာ တီထွင်စမ်းသပ်မှုတွေကို တိုင်းပြည်အကျိုးပြုအတွက် ဒီဘက်အပိုင်းမှာ တီထွင်လုပ်ဆောင်လာတာကို တွေ့ရတယ်။

လိုအပ်ချက်က ငွေကြေးနဲ့ စမ်းသပ်ကွင်းပါ။ ပစ္စည်းတွေကို ဈေးကြီးပေးဝယ်ပြီး တင်သွင်းရတယ်။ တီထွင်ပြီးလို့ စမ်းသပ်တဲ့အခါမှာ တရားဝင် သတ်မှတ်ပေးထားတဲ့ကွင်းရှိရင် လူငယ်တွေအတွက် ပိုပြီးအဆင်ပြေ စိတ်ဝင်စားလာကြမှာပါ။ ပျံသန်းတီထွင်မှုကို လွန်ခဲ့တဲ့သုံးနှစ်ကတည်းက လူငယ်တွေ စိတ်ဝင်စားခဲ့တာလေ။ ကိုယ့်နိုင်ငံအတွက် ဘယ်လိုအကျိုးပြုမယ်။ အသုံးဝင်မလဲဆိုပြီး ပေါ့လေ။

လူကြီးတွေရဲ့ အားပေးမှုနဲ့ လက်ခံမယ်ဆိုရင် နိုင်ငံခြားတက္ကသိုလ်တွေလိုပဲ ဒီကကျောင်းသားလူငယ်တွေ ပိုပြီးစိတ်ဝင်စားလာကြမှာပါ" ဟု လျှပ်စစ်အင်ဂျင်နီယာတစ်ဦးဖြစ်သည့် သယ်န်းကျွန်းမြို့နယ်ရှိ Myanmar Future Science၊ Science & Engineering Shop မှ ကိုသက်စံက မာလ်တီကော်ပတာကို စမ်းသပ်ပျံသန်းပြစဉ် ပြောကြားခဲ့သည်။

**သန်းထိုက် (လှိုင်သာယာ)**

# ရွှေကြက်ကျစေတီတော် မိုးကြိုးခ

**အမရပူရ စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဧရာဝတီမြစ်ကမ်းဘေးရှိ ရှေးဟောင်းသမိုင်းဝင် ရွှေကြက်ကျစေတီတော်ကြီး၏ စနေထောင့်ခေါင်းလောင်းပုံနေရာကို စက်တင်ဘာ ၁၄ ရက် နံနက် ၄နာရီခွဲခန့်က မိုးကြိုးထိမှန်၍ အင်္ဂတေများ မြေသို့ ခဲ့သည်။ အဆိုပါစေတီတော်မြတ်ကြီးသည် သမိုင်းဝင်တန်ခိုးကြီးဘုရားဖြစ်ပြီး မူလဒါယကာမှာ သီရိဓမ္မာသောကမင်းကြီးဖြစ်ပြီး ပုဂံမင်းအနော်ရထာ၊ နရပတိစည်သူ၊ ရတနာပုံမိဖုရားကြီးနှင့် သားတော်တရဖျားကြီး၊ မင်းကြီးစွာစော်ကဲ၊ သာလွန်မင်းတရား၊ ဆင်ဖြူရှင်၊ ဘိုးတော်ဘုရား၊ ဘကြီးတော်စသည့် ရှေးမင်းအဆက်ဆက်တို့ ပူဇော်ပြုပြင်ခဲ့သည့် သမိုင်းဝင်တန်ခိုးကြီးဘုရားဖြစ်သည်။ ယခုအခါ ရွှေကြက်ကျဘုရားပွဲကြီး ကျင်းပနေသည့် အချိန်ဖြစ်သည်။ နှစ်စဉ် တော်သလင်းလပြည့်ကျော် ၇ ရက်နှင့် ၈ ရက်နေ့များတွင် လှေပြိုင်ပွဲများ ကျင်းပကြသည်။



**စေတီ၏ ခေါင်းလောင်းနေရာ မိုးကြိုးထိမှန်၍ မြေခခဲ့သည့် အင်္ဂတေများ။** (ယာပုံ)



အဆိုပါ စေတီတော်မြတ်ကြီး မိုးကြိုးခသောကြောင့် ဂေါပကအဖွဲ့နှင့် သက်ဆိုင်ရာဌာနများက ပြန်လည်ပြုပြင်ပူဇော်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ရပ်ဝေးရပ်နီးမှ ဘုရားဖူးဧည့်သည်များအနေဖြင့် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

✻ *ကျောဖုံးမှ*

ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးအကဲဖြတ်ခြင်း၊ ဗဟိုအဆင့်တွင် ရေးဖြေ၊ နှုတ်ဖြေအပြင် လက်တွေ့သင်ကြားပြသမှု ဆန်းစစ်အကဲဖြတ်ခြင်း ရှိမည်ဖြစ်ကြောင်း၊ ရေးဖြေကို သတ်မှတ်ရက်တွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိနှင့် လူတွေ့နှုတ်ဖြေကို အဆိုပါနေ့ မွန်းလွဲ ၁ နာရီမှ စတင်ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

ဆုရွေးချယ်ချီးမြှင့်ခြင်းနှင့် စပ်လျဉ်းသည့် အသေးစိတ်လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာ ဦးစီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ပညာရေးဌာနများသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး **လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။** (မိုး/ဇလ)

## နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

# မြဝတီမြို့ ချစ်ကြည်ရေးတံတားအနီးတွင် ချိန်ကိုက်မိုင်းတစ်လုံးတွေ့ရှိ

**မြဝတီ စက်တင်ဘာ ၁၅**

ကရင်ပြည်နယ် မြဝတီမြို့တွင် စက်တင်ဘာ ၁၅ ရက် နံနက် ၆ နာရီခွဲက မြဝတီ- မဲဆောက် ချစ်ကြည်ရေးတံတားအနီး ချဉ်းကပ်လမ်းညာဘက် ၁၅ ပေအကွာ တံတားအောက် ပတ်လမ်းပလက်ဖောင်းဘေး AH ကားအလှဆင် ဆိုင်ရှေ့လေးပေခန့်အကွာတွင် အဝေးထိန်းစနစ်မပါ ချိန်ကိုက်စနစ် မိုင်းတစ်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ စည်ပင်ဝန်ထမ်းတစ်ဦးက သန့်ရှင်းရေးဆောင်ရွက်စဉ် တွေ့ရှိရသဖြင့် တံတားလုံခြုံရေးအဖွဲ့သို့ အကြောင်းကြားရာ ၎င်းတို့က ခရိုင် ရဲတပ်ဖွဲ့နှင့် ရှေ့တန်းရုံးအခြေပြုစစ်ဗျူဟာသို့ သတင်းပေးပို့ခဲ့သည်။

အဆိုပါ ချိန်ကိုက်မိုင်းဟု ယူဆရသည့် ဆက်စပ်ပစ္စည်းများအား တပ်နယ်မှတာဝန်ရှိသူများက စိစစ်ရာ နာရီဒိုင်ခွက်ချိန်စက်မှ နာရီလက်တံကို ၁၀ နာရီ ၅၅ မိနစ်တွင် ထားရှိပြီး အခြားမိနစ်၊စက္ကန့်တံများအား ဖြုတ်တောက်ထားရှိကြောင်း တွေ့ရှိရသည်။ ပင်မယမ်းအုံမှာ အရှည်ခြောက်လက်မ၊ အချင်း နှစ်လက်မခန့် သံပိုက်လုံးတစ်လုံး၊ အလေးချိန် ၃ ဒသမ ၈ ကီလိုဂရမ်ရှိ နှစ်လက်မပတ်လည် လေးထောင့်ပုံစံ တရုတ်နိုင်ငံလုပ်စားပွဲတင်နာရီ အသေးတစ်လုံး၊ နာရီအတွင်း AA ဆိုက်ဓာတ်ခဲတစ်လုံး၊ AA ဆိုက်နေရှင်နယ်အမျိုးအစားဓာတ်ခဲလေးလုံးတို့ကို တိပ်အပြာဖြင့်ပတ်လျက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရှင်းလင်းဆောင်ရွက်နိုင်ခဲ့သည်။

အမှုမှန် ပေါ်ပေါက်ရေး သက်ဆိုင်ရာလုံခြုံရေး အဖွဲ့များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် ယခုအခါ ပြည်သူများ အေးချမ်းစွာ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

**(၀၂၅)**



# ပခုက္ကူတွင် ရောဂုဏ်ပညာရေးအကယ်ဒမီဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တွင် ရောဂုဏ်ပညာရေးအကယ်ဒမီကို စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီက ပခုက္ကူမြို့ အမှတ်(၂) ရွှေကျောင်းတံတား အနီး အာဆီယံလမ်းမကြီးပေါ်ရှိကျောင်းအဆောက်အအုံ၌ ဖွင့်လှစ်သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်ဦးစောလှ၊ ဥပဒေပညာရှင် စာရေးဆရာ ဦးဟန်ညွန့်(ဥပဒေ)၊ ကျောင်းအုပ်ချုပ်ရေး ဥက္ကဋ္ဌ ဒေါက်တာ လှိုင်မိုးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ဆရာ ဆရာမကြီးများ၊ ကျောင်းသား မိဘများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဆိုင်းဘုတ်တင် မင်္ဂလာအခမ်းအနားကျင်းပပြီး သဘာပတိ ဥပဒေပညာရှင် စာရေးဆရာ ဦးဟန်ညွန့်(ဥပဒေ) ပညာရေးအကယ်ဒမီ ဖွင့်လှစ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ **(ယာပုံ)** ကျောင်းအုပ်ချုပ်ရေးဥက္ကဋ္ဌ ဒေါက်တာလှိုင်မိုးကလည်း အထက်တန်းကျောင်း၏ ရည်ရွယ်ချက် လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြ၍ ဧည့်သည်တော်ကြီးများအား ဖျော်ဖြေရေး အစီအစဉ်များ ဖြင့်ကျောင်းသား ကျောင်းသူများက ဧည့်ခံပြီး ဧည့်သည်တော်များက ပညာရေးအကယ်ဒမီကျောင်းကို လှည့်လည်ကြည့်ရှုကြသည်။



ရောဂုဏ်ပညာရေးအကယ်ဒမီသည် ပခုက္ကူမြို့နယ်အတွင်းတွင်သာမက နီးစပ်ရာမြို့နယ်များအတွက်ပါ အဆင့်အတန်းမီစွာ စာတတ်မြောက်ရေး၊ အကျင့်စာရိတ္တ အတွေးအခေါ် ယဉ်ကျေးမှု တိုးတက်ရေး၊ စိတ်ဓာတ်ကြံ့ခိုင်မြင့်မားရေး၊ အောင်ချက်နှုန်း ကောင်းမွန်စေရေး၊ ဂုဏ်ထူးရှင်များ မွေးထုတ်နိုင်ရေး ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင် စာသင်ယူနိုင်ရေး၊ အနာဂတ်ဘဝ သာယာလှပရေး မိဘများအနေဖြင့်လည်း သားသမီးများ၏ပညာရေးကို အေးချမ်းစွာ သင်ယူနိုင်ရေးအတွက် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းသိရသည်။

**ကိုမျိုး (ရွှေပေါက္ကံ)**

# အိမ်ရာမဲ့ ပြည်သူများအား အိမ်ရာမြေရရှိရေးဆောင်ရွက်

**ကရသူရိ စက်တင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကရသူရိမြို့နယ်ခွဲ အမှတ်(၂) ရပ်ကွက်နှင့် အမှတ်(၁) ရပ်ကွက်ကြား မြေလွတ်မြေရိုင်းအား အိမ်ရာမြေဖော်ဆောင်ခြင်းလုပ်ငန်းများကို စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီက ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုပေါင်းဆောင်ရွက်သည်။

အဆိုပါ အိမ်ရာမြေဖော်ဆောင်ခြင်းလုပ်ငန်းမှ ထွက်ပေါ်လာသည့် အိမ်ရာမြေကွက်များအား အိမ်ရာမြေပိုင်ဆိုင်မှုမရှိသေးသည့် မြို့နေပြည်သူများအား ဦးစားပေးချမှတ်ပေးသွားမည်ဖြစ်သည်။ မြေရာကွက်များ ဖော်ထုတ်မှုလုပ်ငန်းတွင် ပေ (၄၀×၆၀)ရှိ အိမ်ရာမြေကွက်ပေါင်း ၆၀ ကျော် ဖော်ထုတ်သွားမည်ဖြစ်ပြီး အိမ်ရာမြေအသုံးပြုလိုသူပြည်သူများက မြေတစ်ကွက်လျှင် နိုင်ငံတော်သို့ငွေကျပ် ၁၇၀၀၀၀ နှုန်းဖြင့်ပေးဆောင်ကြရမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**


DAGON CITY 1
BY MARGA LANDMARK
Dagon City Makes Myanmar More Beautiful
DAGON CITY 1
SHOWROOM
NOW OPEN
Dagon City 1 showroomအား
ယခုဖွင့်လှစ်လိုက်ပါပြီ။
အဆင့်မြင့် Residential အိမ်ခန်းများကို ရယူပိုင်ဆိုင်ပြီး
Mercedes Benz ရရှိနိုင်မည့် အထူးအခွင့်အရေး
Exclusively at the Dagon City 1 Open Day :
9:00 a.m,
27th September, 2014
OWN A PIECE OF PRESTIGE AND
GET A CHANCE TO WIN A MERCEDES BENZ!
Also Featuring Dagon City 1 Brand Ambassador Eindra Kyaw Zin,
Beauty Queens, International Entertainment,
Lucky Draws and Many More Surprises!
Pre-Registration required!
Call +95 9 2544 28883 to reserve a seat.
WIN
MERCEDES BENZ
2014 C-CLASS
NEW MODEL
MARGA
LANDMARK
DAGON CITY 1
GALLERY SHOWROOM ADDRESS:
U Htaung Bo Circle, No. 61, 63, Zoological Garden Road,
Dagon Township, Yangon.
WWW.DAGONCITY1.COM

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရာထူးဝန်အဖွဲ့

# Union Civil Service Board

## နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၆-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အဆိုပါနေ့မှစတင်၍ အာဏာတည်ပါသည်။

၂။ ဝေးလံခေါင်သီသောဒေသများနှင့် ခရီးလမ်းပန်းဆက်သွယ်မှုခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဝန်ထမ်းအခွင့်အရေးများ နစ်နာမှုဆုံးရှုံးမှုမရှိစေရန်အလို့ငှာ အဆိုပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက်မှ ဝန်ထမ်းများသိရှိသင့်သည့်အချက်များကို ကောက်နုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

**အငြိမ်းစားယူခြင်း**

၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း(၂၁)တွင် အငြိမ်းစားယူခြင်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၂၂၉ မှ နည်းဥပဒေ ၂၅၂ အထိ သတ်မှတ်ပြဋ္ဌာန်းထားရှိရာ ယင်းတို့အနက် အောက်ဖော်ပြပါနည်းဥပဒေအချို့ကို ကောက်နုတ်၍ ဖော်ပြအပ်ပါသည်။

နည်းဥပဒေ ၂၃၀။ ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့်နေ့ရက်သည် ယင်းဝန်ထမ်းအသက် ၆၀ နှစ်ပြည့်သည့် နေ့ရက်ဖြစ်သည်။

နည်းဥပဒေ ၂၃၁။ ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ် သို့မဟုတ် ဥပဒေတစ်ရပ်ရပ်ကို ကျူးလွန်ခြင်းကြောင့် တာဝန်မှယာယီရပ်ဆိုင်းထားခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းခံနေရသည့် ဝန်ထမ်းတစ်ဦးသည် ယင်းကာလအတွင်း အငြိမ်းစားယူရမည့် အသက်ပြည့်စေကာမူ စုံစမ်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အပြီးသတ်အမိန့်မချမှတ်ရသေးမီ အငြိမ်းစားယူခွင့်မပြုရ။

နည်းဥပဒေ ၂၃၂။ အငြိမ်းစားယူသော ဝန်ထမ်းသည်-

(က) နိုင်ငံတော်၏ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ထမ်းဆောင်ခြင်းဖြစ်ရမည်။

(ခ) ဖွဲ့စည်းပုံဖြင့် ခွင့်ပြုထားသည့်ရာထူးတွင် အချိန်ပြည့်တာဝန်ထမ်းဆောင်ခြင်းဖြစ်ရမည်။

(ဂ) တာဝန်ထမ်းဆောင်ခြင်းကြောင့် ရရှိသည့်လစာကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ကျခံခြင်းဖြစ်ရမည်။

နည်းဥပဒေ ၂၃၃။ ဝန်ထမ်းသည်-

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ သီးခြားသတ်မှတ်သည့် ကိစ္စမှတစ်ပါး အသက် ၆၀ နှစ်ပြည့်သောအခါ သတ်မှတ်ချက်များနှင့်အညီ သက်ပြည့်ပင်စင်ခံစားခွင့်ရှိသည်။

(ခ) အသက် ၅၅ နှစ် ပြည့်ပြီးဖြစ်သောဝန်ထမ်းသည် လုပ်သက်နှစ် ၃၀ပြည့်လျှင် နှစ်ပြည့်ပင်စင်ခံစားခွင့်ရှိသည်။

(ဂ) လုပ်သက် ၁၀ နှစ်နှင့်အထက်ရှိသည့် ဝန်ထမ်းသည် မကျန်းမာ၍ တာဝန်ကို ဆက်လက်မထမ်းဆောင်နိုင်သည့်အခါတွင် သတ်မှတ်ထားသော ဆေးအဖွဲ့၏ထောက်ခံချက်ဖြင့် နာမကျန်းပင်စင်ခံစားခွင့်ရှိသည်။

(ဃ) ရာထူးတစ်ခုကို ဖျက်သိမ်းလိုက်သည့်အခါ ယင်းရာထူး၌ ခန့်ထားသည့် ဝန်ထမ်းကို အခြားရာထူးတစ်ခုသို့ ပြောင်းရွှေ့နေရာချထားခြင်းမပြုနိုင်လျှင်သော်လည်းကောင်း၊ ယင်းဝန်ထမ်းမှ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုလျှင်သော်လည်းကောင်း လျော်ကြေးပင်စင်ခံစားခွင့်ပြုရမည်။

(င) ဝန်ထမ်းသည် တာဝန်ထမ်းဆောင်မှုကိုအကြောင်းပြု၍ ရောဂါရရှိသည့်အခါတွင်ဖြစ်စေ၊ ထိခိုက်အနာတရ ဖြစ်သည့်အခါတွင်ဖြစ်စေ၊ မသန်စွမ်းဖြစ်သည့်အခါတွင်ဖြစ်စေ သတ်မှတ်ထားသော ဆေးအဖွဲ့၏ထောက်ခံချက် အထူးပင်စင်ခံစားခွင့်ရှိသည်။

(စ) ဝန်ထမ်းသည် တာဝန်ထမ်းဆောင်နေဆဲတွင် ဖြစ်စေ၊ အငြိမ်းစားယူပြီးနောက်မှဖြစ်စေ ကွယ်လွန်ခဲ့လျှင် ကျစ်ရစ်သူမိသားစုအတွက် မိသားစုပင်စင်ကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်။

(ဆ) အသက် ၅၅ နှစ်ပြည့်ပြီးဖြစ်သောဝန်ထမ်းသည် လုပ်သက်နှစ် ၂၀ ကျော်လွန်လျှင်သော်လည်းကောင်း၊ အသက် ၅၀ နှစ်ပြည့်ပြီးသော ဝန်ထမ်းသည် လုပ်သက် ၂၅ နှစ် ကျော်လွန်လျှင်သော်လည်းကောင်း လျှော့ပေါ့ပင်စင်ခံစားခွင့်ရှိသည်။ သို့ရာတွင် နိုင်ငံတော်၏ လိုအပ်ချက်အရ ဖော်ပြပါသတ်မှတ်ချက်များ မပြည့်မီသော်လည်း လျှော့ပေါ့ပင်စင်ခွင့်ပြုနိုင်သည်။

နည်းဥပဒေ ၂၃၄။ ဝန်ထမ်းတစ်ဦးပင်စင်အကျိုးခံစားခွင့်ရှိသည့် အများဆုံးလုပ်သက်ကန့်သတ်ချက်သည် အသက် ၁၈ နှစ်ပြည့်ချိန်မှ အမှန်တကယ်ပင်စင်ယူသည့်အချိန်အထိ ကာလများဖြစ်သည်။ ဝန်ထမ်း၏ အသက် ၁၈ နှစ်ပြည့်ပြီးနောက်ပိုင်း လုပ်သက်အနက်မှ ရာထူးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကာလများအပြင် အောက်ပါကာလများကိုလည်း ပင်စင်အကျိုးခံစားခွင့် တွက်ချက်ရာတွင် ထည့်သွင်းရေတွက်သည်-

(က) လစာရအလုပ်သင်ကာလ

(ခ) အစမ်းခန့်ကာလ

(ဂ) ကူးပြောင်းချိန်ကာလ

(ဃ) တာဝန်ချိန်အဖြစ် သတ်မှတ်ခြင်းခံရသော တာဝန်မှယာယီရပ်ဆိုင်းထားသည့်ကာလ၊

(င) တာဝန်ချိန်အဖြစ် မသတ်မှတ်သော်လည်း ပင်စင်ခံစားခွင့်ရှိသောကာလဟုသတ်မှတ်သည့် တာဝန်မှယာယီရပ်ဆိုင်းထားသည့်ကာလ၊

(စ) တာဝန်ချိန်ဟုသတ်မှတ်သည့် အခြားကိစ္စရပ်များအတွက် ကာလများ။

နည်းဥပဒေ ၂၃၅။ အောက်ပါခွင့်ကာလများကို ပင်စင်အကျိုးခံစားခွင့်တွက်ချက်ရာတွင် ထည့်သွင်းရေတွက်သည်-

(က) လုပ်သက်ခွင့်ကာလ၊

(ခ) အထူးမသန်စွမ်းခွင့်ကာလ၊

(ဂ) ပညာလေ့လာဆည်းပူးခွင့်ကာလ၊

(ဃ) မီးဖွားခွင့်ကာလ၊

(င) သောင်းကျန်းမှုများကြောင့် ခွင့်ပြုခဲ့သည့် အထူးခွင့်ကာလ၊

(စ) သဘော်သားနာမကျန်းခွင့်ကာလ

(ဆ) ပျမ်းမျှလစာရရှိသော ဆေးရုံခွင့်ကာလ၊

(ဇ) ဆေးလက်မှတ်ခွင့်ကာလ။

နည်းဥပဒေ ၂၃၆။ အရာထမ်း၊ အမှုထမ်းများ၏ ပင်စင်အကျိုးခံစားခွင့်အလို့ငှာ ရာထူးစုအမျိုးအစားမတူသော်လည်း လုပ်သက်နှစ်ခုကို ပေါင်းစပ်ရေတွက်ရမည်။ ပင်စင်အကျိုးခံစားခွင့်ရှိသော ပြတ်တောက်နေသည့်လုပ်သက်ကာလများကို ဆက်စပ်ပေးပိုင်ခွင့်ရှိသူက ခိုင်လုံသောအကြောင်းရှိပါက ပင်စင်အကျိုးငှာ ဆက်စပ်ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုရာတွင် ယခင်လုပ်သက်သည် အနည်းဆုံးတစ်နှစ်ရှိရမည်။

(ဆက်လက်ဖော်ပြပါမည်)

**ပြည်တွင်းသတင်းနှင့် ဓာတ်ပုံ**

## မိတ္ထီလာဈေးကြီးအတွင်း ကျန်းမာရေးထိခိုက်စေသည့် ကျင်းထုံခြင်ဆေးခွေများ စစ်ဆေးသိမ်းဆည်း

**မိတ္ထီလာ စက်တင်ဘာ ၁၅**

မိတ္ထီလာမြို့ မြို့မဈေးကြီးအတွင်း သုံးစွဲသူဒေသခံပြည်သူများ ကျန်းမာရေးထိခိုက်စေသည့် ဓာတုပစ္စည်းများပါဝင်သော တရုတ်နိုင်ငံထုတ်ကျင်းထုံခြင်ဆေးခွေများရောင်းချနေမှုရှိ မရှိစစ်ဆေးခြင်း၊ သိမ်းဆည်းအရေးယူခြင်းများကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသူရ၊ ကော်မတီဝင် ဦးညီညီအောင်၊ ဈေးတာဝန်ခံအရာရှိ ဦးကိုကိုကျော်၊ ကျန်းမာရေးဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် ဈေးဝန်ထမ်းများ ပူးပေါင်းပါဝင်သည့်အဖွဲ့သည် မိတ္ထီလာမြို့မဈေးကြီး၊ ဗဟိုဈေးကြီးနှင့် ဈေးပြင်ပဈေးဆိုင်များတွင် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသည့် ခြင်ဆေးခွေများကို သိမ်းဆည်းမှတ်တမ်းတင်ပြီး ဆက်လက်ရောင်းချခြင်းမပြုရန် သတိပေးအရေးယူမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



## လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြော

**မိုးညို စက်တင်ဘာ ၁၅**

သာယာဝတီခရိုင် မိုးညိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမဆောင်၌ စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ပန်းချီ၊ ကာတွန်း၊ ရုပ်ပုံကားချပ်များပြသသည်။

အခမ်းအနားတွင် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းမင်းထွဋ်က အမှာစကားပြောကြားသည်။ လူကုန်ကူးမှုမှန်သမျှ စုပေါင်းကာကွယ်တိုက်ဖျက်ကြ ခေါင်းစဉ်ဖြင့် မြို့နယ်ဥပဒေအရာရှိ ဦးခင်မောင်ဆွေက ဟောပြောသည်။ ထွန့်မြတ် အထက(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးကျော်ဦးက လူကုန်ကူးမှုတိုက်ဖျက်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလေးဝင်းက လူကုန်ကူးမှုအကြောင်း သိကောင်းစရာများကို လည်းကောင်း ဟောပြောကြသည်။ ခရိုင်အဆင့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ပန်းချီ၊ ကာတွန်း၊ ရေးဆွဲယှဉ်ပြိုင်သူ ကျောင်းသား ကျောင်းသူ ၁၁ ဦးကို ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ တာဝန်ရှိသူများသည် ပြခန်းတွင်ပြသထားသော ပန်းချီ၊ ကာတွန်း ရုပ်ပုံကားချပ်များကို စိတ်ဝင်စားစွာဖြင့် ကြည့်ရှုကြကြောင်း သိရသည်။

ခင်လတ်(မိုးညို)

**ဖခင်အမည်မှန်**
ကျိုင်းတုံမြို့၊ အထက(၃) သတ္တမတန်း(B)မှ မောင်အားယ၏ ဖခင်အမည်မှန်မှာ ဦးလီဘ ၁၃/ကတန(နိုင်)၁၀၄၄၇၄ ဖြစ်ပါကြောင်း။
ဦးလီဘ

**ဖခင်အမည်မှန်**
ကျောက်မဲမြို့၊ အထက(၃)တွင် ပညာသင်ကြားနေသော ဒုတိယတန်း(B)မှ စိုင်းချမ်းမြေ့အောင်၊ ပဥ္စမတန်း(A)မှ နန်းဆိုင်ဟွမ်နှင့် သတ္တမတန်း(B)မှ စိုင်းဝင်းတင့်တို့၏ ဖခင်အမည်မှန်မှာ ဦးစိုင်းသန်းဆွေ ဖြစ်ပါကြောင်း။
ဦးစိုင်းသန်းဆွေ ကျောက်မဲမြို့

**မိဘအမည်မှန်**
ကျိုင်းတုံမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မချောပို၏ မိဘအမည်မှန်မှာ ဦးအားဆော်-ဒေါ်မီယိုး ဖြစ်ပါကြောင်း။
ဦးအားဆော်-ဒေါ်မီယိုး

**ဖခင်အမည်မှန်**
ကျိုင်းတုံမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်စိုင်းနွန်းယီ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းရီ ၁၃/ကတန(နိုင်)၁၁၆၉၃၅ ဖြစ်ပါကြောင်း။
ဦးစိုင်းရီ

**ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၃ယ/၉၉၀၄၄ Hersim Dream ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ မြောက်ဦးမြို့၊ အလယ်ဈေးရပ်ကွက်နေ ဦးစိုးဝင်းနိုင် ၁၁/မဥန(နိုင်)၀၁၅၄၄၈က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ပြည်နယ်)ရုံး (စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။
ကညန၊ (ပြည်နယ်ရုံး)၊ (စစ်တွေ)

**မွေးသက္ကရာဇ်အမှန်**
ကျိုင်းတုံမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(က)မှ မငွေငွေဖြူ ၁၃/ကတန(နိုင်)၁၇၂၆၀၂၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၁၁-၁၉၉၇ဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးအားဟာ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
ကျိုင်းတုံမြို့၊ အထက(၅) တက္ကသိုလ်ဝင်တန်း(ခ)မှ မနော်အက်စတာနွယ်နီမြင့်၏ ဖခင်အမည်မှန်မှာ ဦးစောဂျော်နီ ၁၂/အစန(နိုင်)၀၉၆၂၂၁ ဖြစ်ပါကြောင်း။
ဦးစောဂျော်နီ

**ဖခင်အမည်မှန်**
မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(I)မှ မသင်းသင်းချို၏ ဖခင်အမည်မှန်မှာ ဦးအေးဝင်း ၉/ကပတ(နိုင်)၀၆၁၃၇၁ ဖြစ်ပါသည်။
ဦးအေးဝင်း

**အမည်မှန်**
ကျိုင်းတုံမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်အာနူး၏ အမည်မှန်မှာ မောင်အာနိုး ၁၃/ကတန(နိုင်)၁၇၅၃၆၃ ဖြစ်ပြီး ၎င်း၏မိဘအမည်မှန်မှာ ဦးအားချူ-ဒေါ်အားဆော ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
ကျိုင်းတုံမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မခိုင်နွယ်၏ ဖခင်အမည်မှန်မှာ ဦးအားခေ ၁၃/ကတန(နိုင်)၀၈၇၆၃၀ ဖြစ်ပါကြောင်း။
ဦးအားခေ

**ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း**
ယာဉ်အမှတ် ၁ဟ/၇၀၉၃ Golden Deer GBS-02 သုံးဘီးယာဉ်လက်ဝယ်ရှိသူ စစ်တွေမြို့၊ ကုန်တန်းရပ်ကွက်နေ ဦးစိုးဝင်း ၁၁/မဥန(နိုင်)၀၀၀၀၈၇က(ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ပြည်နယ်)ရုံး (စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။
ကညန၊ (ပြည်နယ်ရုံး)၊ (စစ်တွေ)

**ကန့်ကွက်နိုင်ပါသည်**
ယာဉ်အမှတ် ၂၅ယ/၉၇၉၄၁၊ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ဝင်း ၈/ဆမန(နိုင်)၀၃၆၇၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး၊ တာချီလိတ်

**အမည်မှန်**
ဦးအိုက်လုံ၏သမီး ကျိုင်းတုံမြို့၊ အထက(၅) တက္ကသိုလ်ဝင်တန်း(ခ)မှ မနော်မီး၏ အမည်မှန်မှာ မနော်မိ ၁၃/ကတန(နိုင်)၁၆၃၄၆၄ ဖြစ်ပါကြောင်း။
မနော်မိ

**ဖခင်အမည်မှန်**
မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(I)မှ မခိုင်ဇင်ဇင်ဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းလွင် ဖြစ်ပါသည်။
ဦးဇော်မင်းလွင် ၉/ကပတ(နိုင်)၁၅၅၀၁၇

**မိခင်အမည်မှန်**
ကျိုင်းတုံမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(က)မှ မနန်းဟွမ်၏ မိခင်အမည်မှန်မှာ ဒေါ်နန်းဖူး ၁၃/ကတန(နိုင်)၀၆၈၅၆၃ ဖြစ်ပါကြောင်း။
ဒေါ်နန်းဖူး

**မိဘအမည်မှန်**
ကျိုင်းတုံမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မအားမီ၏ မိဘအမည်မှန်မှာ ဦးချီးဘာ-ဒေါ်ခေးဒေါ ဖြစ်ပါကြောင်း။
ဦးချီးဘာ-ဒေါ်ခေးဒေါ

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သဇင်လမ်း၊ အမှတ်(၄၇)ရှိ Infinity Global Solutions Co.,Ltd. ၏ ကုမ္ပဏီမှတ်ပုံတင်မူရင်းကတ်ပြား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၄၄၅၀၂၂

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၉ယ/၂၉၅၅၇ Honda Dream ND 125 M, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်းဦး ၆/မမန(နိုင်)၀၄၅၄၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၂ယ/၅၂၁၉၄ Honda Dream ND.125 M, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၁၄/ညတန(နိုင်)၀၉၂၃၄၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)

**ဖခင်အမည်မှန်**
ကျိုင်းတုံမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(က)မှ မနန်းဖောင်းကျောက်၏ ဖခင်အမည်မှန်မှာ ဦးအိုက်ရီ ၁၃/ကတန(နိုင်) ၀၉၄၅၇၄ ဖြစ်ပါကြောင်း။
ဦးအိုက်ရီ

**နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်းကြေညာခြင်း**
ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်၊ မြို့မဈေးနောက်လမ်းနေ ဦးကျော်သိန်း-ဒေါ်နန်းလီတို့၏ သမီး မအေးအေးနှင်း ၁၃/ကတန(နိုင်)၀၈၉၅၈၇၏ Passport ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ဆက်သွယ်ပေးပို့ပေးပါရန်။
ဖုန်း-၀၈၄-၂၃၁၈၆

**ဖခင်အမည်မှန်**
ကျိုင်းတုံမြို့၊ အထက(၃)၊ ပဥ္စမတန်း(က)မှ နန်းရှဲန်ဟွမ်၏ ဖခင်အမည်မှန်မှာ ဦးအိုက်လာ ၁၃/ကတန(နိုင်)၀၆၄၂၅၀ ဖြစ်ပါကြောင်း။
ဦးအိုက်လာ

**ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း**
ယာဉ်အမှတ် ၅ယ/၉၄၂၂၆ Kenbo Wave 125 ယာဉ်လက်ဝယ်ရှိသူ မြောက်ဦးမြို့၊ ကံလှရပ်ကွက်နေ ဦးခင်ဇော် ၁၁/မဥန(နိုင်)၀၂၇၇၁၈က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်နိုင်ပါရန်။
ကညန(ပြည်နယ်ရုံး)၊ စစ်တွေ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုအထိမ်းအမှတ်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၅**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့တပ်ခွဲမှူး ယာယီဒုတိယရဲမှူးကြီး ဇော်သီဟဦးစီး၍ တပ်ဖွဲ့ဝင်အရာရှိ၊ အခြားအဆင့် ၁၈၀တို့သည် စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးလှူဘဏ်၌ စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် တပ်ဖွဲ့ခွဲမှူးဦးဆောင်၍ တပ်ဖွဲ့ဝင်အရာရှိ၊ အခြားအဆင့် ၆၀ တို့က သွေးလှူဒါန်းကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျန်းမာရေးပညာပေးဟောပြော

**မူဆယ် စက်တင်ဘာ ၁၅**

ကျန်းမာရေးဝန်ကြီးဌာနမှ သတိပြုကာကွယ်ရန် အီဘိုလာဗိုင်းရပ်စ်အန္တရာယ်အဖြစ် သတင်းထုတ်ပြန်ကြေညာခဲ့ပြီး အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်မှု ကာကွယ်ရေးနည်းလမ်းများ၊ ရောဂါပိုး၏ သံသယလက္ခဏာများ အရေးပေါ်စီမံချက်များဖြင့် ရေးသားထုတ်ပြန်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့တွင် အီဘိုလာရောဂါကြိုတင်ကာကွယ်ရေး စီမံချက်များဖြင့် ရပ်ကွက်/ကျေးရွာများသို့ ကွင်းဆင်းဟောပြောလျက်ရှိသည်။ အဆိုပါကွင်းဆင်းဆောင်ရွက်မှုကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ထွန်း ဦးဆောင်လျက် စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ကွတ်ခိုင်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း နှစ်ကျောင်းနှင့် အခြေခံပညာ အထက်တန်းကျောင်းခွဲနှစ်ကျောင်းတွင် ရောဂါပိုး သံသယလက္ခဏာများ၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(iprd)**



# အင်းကလိုင်ကွင်း ပုလဲသွယ်အထူးအထွက်တိုးစပါးခင်း ယခုနှစ် အထွက်နှုန်းကောင်းမည်ဟုမျှော်မှန်း

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီးလှိုင်သာယာမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲ၏ သတ်မှတ်ထားသော ရုံးခွဲဖြစ်သည့် အင်းကလိုင်ကွင်း၌ ပုလဲသွယ်အထူးအထွက်တိုးစပါးကို စမ်းသပ်ကွက်အဖြစ် လေးနှစ်စမ်းသပ်စိုက်ပျိုးခဲ့ရာ မြစိမ်းရောင်စပါးခင်းကြီး **(အပေါ်ပုံ)**တွင် စပါးနှံတို့ ထိုးထွက်၍ အသီးကပ်လျက်ရှိရာ ယမန်နှစ်ထက် ထွက်နှုန်းကောင်းမည်ဟု မျှော်မှန်းထားကြောင်း ပုလဲသွယ် အထူးအထွက်တိုးစပါး စိုက်ပျိုးနေသော တောင်သူတစ်ဦးထံမှ သိရသည်။

အင်းကလိုင်ကွင်း၊ ရွှေလင်ပန်းကွင်းတို့တွင် စိုက်ပျိုးထားသော စပါးပင်တို့သည် စိမ်းစိုလန်းဆန်းလျက် စပါးနှံတို့ ခေါင်းထောင်၍ ထိုးထွက်လျက်ရှိရာ ဇူလိုင် ၂၇ ရက်တွင် စတင်စိုက်ပျိုးခဲ့သော ရက် ၁၀၀ ပုလဲသွယ် အထူးအထွက်တိုးစပါးသည် ယမန်နှစ်က တစ်ဧကလျှင် အခြောက်တင်း ၁၂၀ ထွက်ခဲ့သည်။ စိုက်ပျိုးရာတွင် GAP စနစ်ဖြင့် စိုက်ပျိုးခဲ့၍ မစိုက်ပျိုးမီ Composite Sample တစ်ကြိမ်ပြုလုပ်ခဲ့၍ ရိတ်သိမ်းပြီးချိန်တွင် မြေနမူနာများကို ဓာတ်ခွဲစမ်းသပ်လုပ်ဆောင်လေ့ ရှိသည့်အတွက် ယခုနှစ် စပါးရာသီ၌ ထွက်နှုန်းကောင်းမည်ဟု မျှော်မှန်းထားကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲ၏ စမ်းသပ်ကွက်ဖြစ်သော အင်းကလိုင်ကွင်းမှ လယ်သမားကြီးတစ်ဦးက ပြောကြားသည်။

အင်းကလိုင်ကွင်းတွင် စပါးဧက ၇၀ကျော် မြစိမ်းရောင်ဖုံးလွှမ်းလျက်ရှိပြီး နိုဝင်ဘာပထမပတ်တွင် ရိတ်သိမ်းကာ နွေစပါးကို GAP စနစ်ဖြင့် ဆက်လက်စမ်းသပ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

## သရက်မြို့တွင် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကျင်းပ

**သရက် စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ကျင်းပရာ ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးအရ သရက်ခရိုင်ရဲတပ်ဖွဲ့မှ ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များကို ဒုရဲအုပ် မြတ်နောင်စိုးက ရုပ်ပုံကားချပ် ဗီဒီယိုများဖြင့်လည်းကောင်း၊ ကာကွယ်တားဆီးနှိမ်နင်းရေး ဥပဒေများကို မြို့နယ်တရားသူကြီး ဒေါ်ရီရီခင်ကလည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ထို့နောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ပေါက်ကလေး(သရက်)**

## ပြည်သူများယုံကြည်မှုရသည်အထိ ကြိုးပမ်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၅**

နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ဆောင်ချက်များကို ပြည်သူများကျေနပ်ယုံကြည်မှုရရှိသည်အထိ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ တိုးတက်လာစေရန် အထောက်အကူပြုရေးအတွက် ဝန်ထမ်းများအနေဖြင့် အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် စက်တင်ဘာ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထဲရေးဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားတွင် တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်ကျော်က ပြောကြားသည်။

ဆက်လက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလင်းကိုကိုက နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရေးနှင့်စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်းများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## မုံရွာမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပေးအပ်

**မုံရွာ စက်တင်ဘာ ၁၅**

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံး မုံရွာမြို့မှ မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နိုင်ငံသားအရည်အချင်းပြည့်မီသူများအား ကွင်းဆင်းထုတ်ပေးလျက်ရှိရာ စက်တင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီခွဲက မုံရွာမြို့နယ် ကြီးအုပ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။ အဆိုပါ ကတ်ပြားပေးအပ်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့် ခရိုင်ဦးစီးဌာနမှူး၊ ရပ်/ကျေးအထောက်အကူ ပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြပြီး နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ၁၁၉ ဦးအား ပြုလုပ်ပေးရာတွင် သွေးစစ်ခ၊ မိတ္တူကူးခ၊ ဓာတ်ပုံရိုက်ကူးခတို့အတွက် ကုန်ကျစရိတ်များကို High Land Road Co., Ltd. က ကျခံပေးခဲ့ကြောင်း သိရသည်။ **မောင်မောင်**



## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**မန္တလေးခရိုင်တရားရုံးတော်**

**၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၂၉၃**

ဒေါ်မိုးနီလာ **နှင့်** ၁။ ဦးသိဏ်းချစ်
၂။ ဒေါ်နန်းမြရင်

**တရားနိုင်** **တရားရှုံးများ**

၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၄၂၇ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၄ခုနှစ် အောက်တိုဘာ ၃၀ရက် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ် ၇၅၂၊ ဦးပိုင်အမှတ် ၂၃၊ ဧရိယာ ဝဒသမ ဝ၄၁၄ဧကရှိ ဗိုလ်ကြီးသိဏ်းချစ် အမည်ပေါက် ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အာရ်စီနှစ်ထပ်တိုက်အဆောက်အအုံ တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ဖုန်းနှင့် ကိရိယာပစ္စည်းအားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၀၀၀။**

**ရောင်းချရန်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ခင်ခင်လှ**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**

**ချမ်းအေးသာစံမြို့နယ်တရားမရုံး၌**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၇**

ဒေါ်မာမာသင်း **နှင့်** ၁။ ဦးအောင်စိုးလွင်
၂။ ဒေါ်မြင့်မြင့်အေး

**တရားလို** **တရားပြိုင်များ**

မိုးမိတ်မြို့၊ မြောက်ပိုင်းရပ်၊နာရီစင်အနီး၊မိုးမိတ်စည်ပင်သာယာရေးဈေးအနောက်ဘက်(လှမင်းသမီးစတိုးဆိုင်)နေ ဦးအောင်စိုးလွင် ပါ(၂) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မာမာသင်းက ကုန်ဖိုးကျန်ငွေနှင့် နစ်နာကြေးငွေရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် အောက်တိုဘာလ ၁ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရွှေမြင့်အုန်း)**
**မြို့နယ်တရားသူကြီး**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၃၆၇၈၄ ယာဉ်အမည်ပေါက်သူ ဦးချစ်ဝင်း ၁၄/ညတန(နိုင်)၁၀၆၉၃၅က (ကမ-၃)ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)၊ မအူပင်မြို့**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၅၈၂/A၊ ဧရိယာ ပေ(၂၀×၆၀)အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးလှသောင်း ၁၂/သကတ(နိုင်)၀၇၆၉၁၈ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးလှသောင်းနှင့် မြေကွက်လဲလှယ်ထားသူ ဦးအောင်သန်း ၁၂/သကတ(နိုင်)၀၇၅၄၃၄ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစိန်ရီ B.Sc, D.A, R.L**
**(စဉ်-၃၀၃၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၂၇၄**

# စားသုံးရန်မသင့်သော ဖမ်းဆီးရမိကုန်ပစ္စည်းများ မီးရှို့ဖျက်ဆီး

**ရန်ကုန် စက်တင်ဘာ ၁၅**

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ထုတ်နုတ်အင်အား (Mobile Team) ဖြင့် တရားမဝင်ပို့ကုန်သွင်းကုန်ပစ္စည်းများ၊ အကောက်ခွန်မဲ့ပစ္စည်းများ၊ ကန့်သတ်ကုန်ပစ္စည်းများအား တားဆီးထိန်းသိမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ စားသုံးသူကာကွယ်ရေးအတွက် အများပြည်သူစားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများ ဖျက်ဆီးခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ ထုတ်နုတ်အင်အား (Mobile Team)မှ ဖမ်းဆီးရမိပြီး မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံထားသော အမှုတွဲများအနက် အများပြည်သူစားသုံးရန် မသင့်လျော်သည့် အကောက်ခွန်အမှုတွဲ ၂၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၇၂၉၀၀၀)မှ ကုန်ပစ္စည်းများကို စက်တင်ဘာ ၁၀ရက် နံနက် ၉ နာရီက မူဆယ်မြို့ စွမ်ဆော်ရပ်ကွက်အနီး ဖျက်ဆီးကွင်း၌ အကောက်ခွန်ဦးစီးဌာနပြည်နယ်မှူးဦးဆောင်သော အဖွဲ့စုံဖြင့် ဖျက်ဆီးခြင်းလုပ်ငန်းဆောင်ရွက်ပြီးဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီမှ သိရသည်။

**ကျော်မြင့်အေး**



# တရားမဝင်ကုန်သွယ်သူ ဟွေရဲဂိတ်အနီးဖမ်းဆီးအရေးယူ

**တာချီလိတ် စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦး ဦးဆောင်သည့် Mobile Team အဖွဲ့သည် တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်ရေးအတွက် စက်တင်ဘာ ၁၁ ရက် ည ၉ နာရီ ၄၅ မိနစ်က တာချီလိတ်မြို့တွင်း ကုန်တင်ယာဉ်များသည် ညဥ့်အချိန်ရှောင်ကွင်းလမ်းမှ တရားမဝင်ထွက်ခွာနေကြောင်း သတင်းအရ တာချီလိတ်-မိုင်းဆတ်သွားလမ်း ဟွေရဲဂိတ်အနီး စောင့်ဆိုင်းနေစဉ် ည ၁၀ နာရီခွဲအချိန် ယာဉ်မောင်းဖိုးခွား(ခ) ဝင်းဆွေထိုက်မောင်းနှင်သော ၈ဃ/---- ၁၀ ဘီး အပြာကျားယာဉ်ကို စစ်ဆေးရာ ယာဉ်ပေါ်ပါကုန်ပစ္စည်းများအတွက် တရားဝင်တင်သွင်းထားသည့် သွင်းကုန်လိုင်စင် IDနှင့် စာရွက်စာတမ်း အထောက်အထားများ မပါရှိသဖြင့် မယ်ယန်းစစ်ဆေးရေးစခန်းသို့ ခေါ်ဆောင်စစ်ဆေးရာ ယာဉ်ပေါ်ပါပစ္စည်းပိုင်ရှင်မှာ အောင်စိုးမိုး ကုန်စည်ပို့ဆောင်ရေးဂိတ်မှ ဒေါ်အိတိုးတင်ဆောင်ပေးလိုက်သော ပစ္စည်းများဖြစ်ကြောင်း သိရှိရပြီး ပစ္စည်းများမှာ တားမြစ်ကန့်သတ်ကုန်ဖြစ်သော Jack Daniels၊ Edwards၊ Dewars (White Label) နိုင်ငံခြားဖြစ် အရက်မျိုးစုံ ၁၉၂၄ ပုလင်း ကာလတန်ဖိုးငွေကျပ် ၂၀၆၄၉၅၀၀နှင့် Taiyo မီးခြစ်၊ လေဖောင်းမုန့်၊ အာချီမိတ်ကပ်၊ ကလေးကစားစရာ ကော်အရုပ်၊ Soy Milk၊ အိုဗာတင်း အရည်ဘူးသေး၊ ပီကေ၊ ဆိုင်ကယ်ဂက်စ်ကပ်၊ M 150 အချိုရည်၊ စားဆီ (Cooking Oil)၊ Body Height Extender Disc၊ Twist Foot၊ Leather Imperial (ဆပ်ပြာခဲ)၊ အချိုရည်ပစ္စည်းများနှင့်ပတ်သက်ပြီး တရားဝင်တင်သွင်းထားသည့် သွင်းကုန်လိုင်စင် ID မပါရှိသောကုန်ပစ္စည်းများ သိမ်းဆည်းရမိသည်။

ဖြစ်စဉ်မှ တားမြစ်ကုန်ပစ္စည်းများ သယ်ဆောင်လာသူ ဖိုးခွား(ခ) ဝင်းဆွေထိုက် (၂၈ နှစ်) ယာဉ်မောင်း တော်ကော့ (ပြင်) တာချီလိတ်မြို့နေသူနှင့် ပိုင်ရှင်ဒေါ်အိတိုး ခ/၇၆ မယ်ခေါင်ရပ်ကွက် တာချီလိတ်မြို့နေသူနှစ်ဦးကို တာချီလိတ်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**(လ/၀၁၅)**



# ညအချိန်ဖောက်ထွင်းဝင်လာသူက အိမ်ရှင်ကိုဓားဖြင့်ခုတ်

**လားရှိုး စက်တင်ဘာ ၁၅**

ခိုးမှုကျူးလွန်ရန် နေအိမ်အတွင်း ဖောက်ထွင်းဝင်ရောက်ပြီး အိမ်ရာမှနိုးလာသည့် အိမ်ရှင်ကို ဓားဖြင့်ခုတ်၍ ထွက်ပြေးတိမ်းရှောင်သွားခဲ့သူ တစ်ဦးကို လားရှိုးမြို့မရဲတပ်ဖွဲ့စခန်းက ၂၄ နာရီအတွင်း စုံစမ်းဖော်ထုတ်ရှာဖွေဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၂ ရက် နံနက် ၂ နာရီခွဲက လားရှိုးမြို့ ရပ်ကွက် (၁၂) နယ်မြေ (၁၉) အိမ်အမှတ် (၁၉/၃၆၉)နေ ဒေါ်မာလာ (၃၈ နှစ်)သည် နေအိမ်တွင် ၁၃ နှစ်အရွယ် သမီးဖြစ်သူ မရတနာဦးနှင့်အတူ အိပ်နေစဉ် အိမ်ရှေ့ဘက်ခန်းမှအသံကြား၍ထကြည့်ရာ ဘာမျှမတွေ့ရသဖြင့် ပြန်အိပ်နေခဲ့ပြီး ခဏအကြာတွင် ခြေထောက်ကိုတစ်စုံတစ်ဦးက ဆွဲသလိုခံစားရ၍ အိပ်ခန်းအတွင်း ဓာတ်မီးဖြင့်ထိုးကြည့်ရာ ခုတင်အောက်မှ မျက်နှာတွင် ပဝါစည်းထားသော လူတစ်ဦးထွက်လာပြီး ဓားဖြင့်ခုတ်သဖြင့် ဒေါ်မာလာတွင် ဓားဒဏ်ရာများရရှိခဲ့ပြီး ယာလက်မမှာ လုံးဝပြတ်တောက်သွားခဲ့သည်။

ဖြစ်စဉ်အား လားရှိုးမြို့မရဲစခန်းက အမှုဖွင့်ပြီး အမှုစစ်ဒုရဲအုပ်ဇော်ဝင်းက ပတ်ဝန်းကျင်တွင် စုံစမ်းထောက်လှမ်းမှုများပြုလုပ်ခဲ့ရာ အခင်းဖြစ်ချိန်က အခင်းဖြစ်နေရာနှင့် မလှမ်းမကမ်းနေအိမ်ခြံဝင်းတစ်ခုအတွင်းသို့ တစ်နယ်မြေတည်းနေသူ အောင်ကျော်မြင့်ဆိုသူမှာ ဝင်ရောက်ပုန်းအောင်းနေသည်ကို မြင်တွေ့ကြောင်းစုံစမ်းသိရှိရ၍ အောင်ကျော်မြင့်ကို ရဲတပ်ဖွဲ့က ခေါ်ယူစစ်ဆေးမေးမြန်းခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ အခင်းဖြစ်စဉ်က အသုံးပြုခဲ့သော ဓားကို ၎င်းဝင်ရောက်ပုန်းအောင်းခဲ့သည့် နေအိမ်ခြံဝင်းအတွင်းမှ သိမ်းဆည်းရမိခဲ့သည်။

ညဥ့်အချိန်နေအိမ်အတွင်း ပုန်းလျှိုးကျော်နင်းဝင်ရောက်ပြီး အိမ်ရှင်ကို ဓားဖြင့်ခုတ်ခဲ့သူ အောင်ကျော်မြင့်(၂၅ နှစ်) ရပ်ကွက် (၇) နယ်မြေ (၁၉) နေသူကို မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**နေမျိုးနွယ်**

# တောင်ကမ်းပါးယံပြိုကျရာ မြေသယ်ယာဉ်မောင်းသူ မြေပိသေဆုံး

**ရေတာရှည် စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီနယ်မြေရဲစခန်းအပိုင် ဆတ်သေ(တောင်)ကျေးရွာအနီးတွင် စက်တင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီခန့်က အမျိုးသားတစ်ဦး မြေပိသေဆုံးကြောင်းသတင်းအရ ရေနီနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဝင်းဗိုလ် ဦးစီးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မြေသယ်ယာဉ်မောင်းနှင်သူ ဦးမြင့်နိုင် (၄၆ နှစ်) စိုင်းဂေါင်း(၂) ရပ်ကွက် မြို့လှကျေးရွာအုပ်စုနေသူသည် အလုပ်သမားများ မြေတင်ရန်ယာဉ်ကို ရပ်တန့်ပေးခဲ့ပြီးနောက် ရေသောက်ရန်အတွက် အမြင့်ပေ (၃၀)ခန့်ရှိ ကမ်းပါးယံပေါ်တွင်တင်ထားသည့် ရေသန့်ဘူးကို သွားရောက်ယူစဉ် တောင်ကမ်းပါးယံပြိုကျပြီး မြေအောက်တွင်ပိနေသည့်အတွက် အနီးတွင်ရှိနေသည့် အလုပ်သမားများက ဝိုင်းဝန်းကယ်ဆယ်ခဲ့ရာ ၁၅ မိနစ်ကြာမှ တူးဖော်တွေ့ရှိခဲ့ကာ သေဆုံးနေသည်ကို တွေ့ရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရေနီနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# လူသတ်မှုကျူးလွန်၍ ငွေများခိုးယူသွားသူများကို ဖမ်းဆီးအရေးယူ

**ရန်ကုန် စက်တင်ဘာ ၁၅**

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေ ဦးအောင်ကျော်စိုးသည် စက်တင်ဘာ ၁၂ရက် နံနက် ၆ နာရီက ၎င်းစက်ရုံမှူးအဖြစ် လုပ်ကိုင်သော ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၄)ရပ်ကွက်ရှိ တစ်ရှူးစက်ရုံသို့ရောက်ရှိစဉ် စက်ရုံညစောင့်ဝန်ထမ်းဖြစ်သူ တောင်ဥက္ကလာပမြို့နယ်နေ ဦးမြင့်အောင် (၅၅နှစ်)ကို မတွေ့ရသဖြင့် လိုက်လံရှာဖွေခဲ့ရာ စက်ရုံဝင်၊ ထွက်ပေါက်ဂိတ်အနီးရှိ စက်ရုံရေလှောင်ကန်အတွင်း ဦးမြင့်အောင်မှာ လည်ပင်း၌နိုင်လွန်ကြိုးဖြင့် ချည်လျက်သေဆုံးနေသည်ကိုတွေ့ရှိရပြီး စက်ရုံသုံးလှောရှိ ရုံးခန်းစားပွဲအောက်၌ ထားရှိသော သံသေတ္တာအတွင်းမှ ငွေကျပ် သိန်း ၈၀ ခန့်မှာလည်း ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် လူသတ်မှုကျူးလွန်ပြီး ငွေများခိုးယူသွားသူကို စုံစမ်းအရေးယူပေးပါရန်တိုင်တန်းချက်အရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းက အမှုဖွင့်ပြီးဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေး ဌာနစုမှ တပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ရာစက်တင်ဘာ ၁၂ရက် ညနေ ၅နာရီ မိနစ် ၂၀က ပြစ်မှုကျူးလွန်သူများဖြစ်သည့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နေသူ လူငယ်သုံးဦးကို ဖော်ထုတ်ဖမ်းဆီးရမိပြီး အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လ/၀၃၄**


## သံထည်နှင့်သံတိုသံစစက်ပစ္စည်း အဟောင်းများ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အင်ဂျင်နီယာဌာန၊ ပင်မအလုပ်ရုံ (နေပြည်တော်ကောင်စီနယ်မြေ)ရှိ သံထည်နှင့် သံတိုသံစစက်ပစ္စည်းအဟောင်းများ ၁၅ တန်အား ၁-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၀၀နာရီတွင် အောက်ဖော်ပြပါဌာန၌ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့**
**ပင်မအလုပ်ရုံ(နေပြည်တော်ကောင်စီနယ်မြေ)**
**ဖုန်း-၀၆၇-၂၂၀၅၅**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အောက်ဖော်ပြပါပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
အရေးပေါ်လူနာဌာန အကြီးစားမွမ်းမံပြင်ဆင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းနှင့် အရေးပေါ်ခွဲစိတ်ခန်းများအား ခေတ်မီခွဲခန်းဖြစ်စေရန် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း။
၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက် စုံစမ်းမေးမြန်းရယူနိုင်ပါသည်။
၃။ **တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၅-၉-၂၀၁၆ ရက် (တနင်္လာနေ့)
**အိတ်ဖွင့်တင်ဒါများပိတ်မည့်ရက်** - ၁၄-၁၀-၂၀၁၆ ရက် (အင်္ဂါနေ့)၊ ၁၆း၀၀နာရီ

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ဖိတ်ကြားလွှာ

တေဇ(၂၀)၏ ကျောင်းဆင်း (၂၁)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကျဆုံး/ကွယ်လွန်ခဲ့ကြသော သူငယ်ချင်းများအားရည်စူး၍ ရေစက်ချအလှူမင်္ဂလာပြုလုပ်ခြင်းနှင့် သင်ကြားပေးခဲ့ကြသော ဆရာသမားတို့အား ကန်တော့ခြင်းအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်း၊ မိသားစုများနှင့်အတူ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**- ၂၀-၉-၂၀၁၆ရက်၊ ၀၉း၀၀နာရီ သုခရိပ်မြုံ၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ၁၀း၀၀နာရီ၊ မိုးကုတ်ဝိပဿနာ၊ ရွှေခြံဓမ္မရိပ်သာကျောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး။

**ကျင်းပရေးဆပ်ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ပုသိမ်မြို့နယ်၊ မြေချထားရေးကော်မတီသို့ မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | လျှောက်ထားသူ | | လျှောက်ထားသည့်မြေကွက်၏ | | | | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | အမည် | လိပ်စာ | အမှတ် | အမည် | ဦးပိုင် | ဧရိယာ | |
| ၁။ | ဦးသက်လှိုင် | အမှတ် ၇၀ ဘန့်ဘွေးကုန်းလမ်း | ၁၁၁ | လှည်းစု | ၅ | ၀.၀၄၄ | မြေပေးမိန့် |
| ၂။ | ဦးလှမြင့် | အမှတ် ၁၄၃၂ အောင်ချမ်းသာလမ်း | ၁၁၀ | ရွှေးဘို တပ်တောင် | ၁၀၂ | ၀.၀၅၅ | မြေပေးမိန့် |

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း(အလယ်ဘလောက်)၊ အမှတ် ၁၇၀/၁၇၆၊ MGW Tower အဆောက်အအုံ ဒုတိယထပ်(ဝဲဘက်)၊ အခန်းအမှတ် ၂၀၆၊ အမှတ်(၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်အတွင်းရှိ တိုက်ခန်းနှင့် ၎င်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်စန္ဒာ ၁၂/အစန(နိုင်)၀၂၉၅၈၅ထံမှ ဝယ်ယူရန် ၁၂-၉-၂၀၁၆ရက်စွဲဖြင့် စရန်ငွေတချို့တစ်ဝက်အား ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် အောက်ပါလိပ်စာအတိုင်း ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်အား တရားဝင် အပြီးသတ်ချုပ်ဆိုသွားမည်ဖြစ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်အရ-** | **လွှဲအပ်ညွှန်ကြားသူ** |
| **ဒေါ်နွေးနွေးအောင်** | **ဦးကိုကိုလတ်** |
| **LL.B (စဉ်-၄၀၃၈၄)** | **အမှတ် ၁၇၀/၁၇၆၊ MGW Tower** |
| **အထက်တန်းရှေ့နေ** | **ဒုတိယထပ်၊ အခန်း ၂၀၃၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊** |
| | **ဖုန်း-၀၁-၂၅၆၉၄၉၊ ၃၉၂၄၂၃** |

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကျောက်ဆည်မြို့ ဆယ်ဆူဗုဒ္ဓပူဇနီယပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၁၅**

ကျောက်ဆည်မြို့ ဝေဘူချောင်တွင် သီတင်းသုံးတော်မူခဲ့သော ပထမဝေဘူဆရာတော်ကြီး လက်ထက်မှစတင်ကာ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပမြဲဖြစ်သော ဝေဘူတောင်ပေါ်ရှိ စေတီတော်မြတ် ၁၀ ဆူအား ပူဇော်သည့် ဗုဒ္ဓပူဇနိယပွဲကို ကျောက်ဆည်မြို့ ဌာနဆိုင်ရာများနှင့် မြို့သူ မြို့သားများ စုပေါင်းပြီး စက်တင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ဆယ်ဆူဗုဒ္ဓပူဇနိယပွဲတော်ကြီးသည် ဝေဘူပထမဆရာတော်ကြီးရှိစဉ်အခါက ဝေဘူတောင်ရိုးတစ်လျှောက်တွင် သာသနာပြုတည်ထားကိုးကွယ်တော်မူခဲ့သော ထီးတော်ကြီး၊ သာသာကြီး၊ ပြည့်ပြည့်ကြီး၊ ဝဝကြီး၊ ရတနာမုနိ၊ ဗျာဒိတ်ထား၊ သက်တော်ရှည်၊ အောင်မြင်သာရ၊ သက်တော်ရ၊ ဆုတောင်းပြည့်ဟူသည့် စေတီ ၁၀ ဆူအား ပူဇော်ကျင်းပခြင်းကို အကြောင်းပြုကာ ဆယ်ဆူဗုဒ္ဓပူဇနိယပွဲတော်ဟုခေါ်တွင်ခဲ့ပြီး နောက်ပိုင်းနှစ်များတွင် ဆရာတော်ကြီး သာသနာပြုခဲ့သော စေတီတော်များတိုးပွားလာရာ ယခုနှစ်တွင် စေတီတော် ၂၄ ဆူအထိ တောင်တန်းတစ်လျှောက်ရှိလာပြီး ပူဇော်ပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆယ်ဆူဗုဒ္ဓပူဇနိယပွဲတော်တွင် ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်ရှိပြည်သူများ၊ အနီးပတ်ဝန်းကျင် ကျေးရွာများမှ စုပေါင်းပြီးသော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း မိမိတို့ တာဝန်ကျရာစေတီတော်တွင် ဆွမ်းတော်ပွဲ၊ မုန့်ပွဲများကပ်လှူပူဇော်ပြီး ပွဲတော်သို့ လာရောက်သောသူများအား မိမိတို့ စေတီတော်အလိုက် ထမင်းနှင့်ဟင်းများ၊ ကြာဆံချက်၊ မုန့်ဟင်းခါး၊ အအေး၊ ဆန်ပြုတ် အစရှိသည်များဖြင့် မိမိတို့ တတ်နိုင်သလောက် ကုသိုလ်ယူ အလှူပြုကြသည်။ ညပိုင်းတွင် စေတီတော်အားဝတ်တက်၊ ဝတ်ကပ်များဖြင့် ဘုရားဒေသနာတော်များ ရွတ်ဖတ်ပူဇော်ကာ နံနက်ပိုင်းတွင် စေတီများအလိုက် ပင့်ဆောင်ထားသော သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ပူဇော်လှူဒါန်းကြကာ တာဝန်ကျရာစေတီတော်အတွက် တစ်နှစ်ပတ်လုံး လျှပ်စစ်မီးပူဇော်နိုင်ရန်အတွက် လှူဒါန်းကြသည်။

ဆယ်ဆူဗုဒ္ဓပူဇနိယပွဲတော်သည် အခြားပွဲတော်များကဲ့သို့ ဇာတ်အငြိမ့်စသည့် ပျော်ပွဲရွှင်ပွဲ လုံးဝထည့်သွင်းကျင်းပခြင်း မရှိသော်လည်း ပွဲတော်လာပြည်သူများ ပျော်ရွှင်ကြည်နူးလျက်ရှိကြသည်။ "ဒီဘုရားပွဲက စိတ်ထဲမှာ တကယ်ပျော်ပြီးကြည်နူးဖို့ကောင်းတယ်၊ ဌာနဆိုင်ရာက ဝန်ထမ်းတွေ၊ ရပ်ကွက်သူရပ်ကွက်သားတွေက စည်းလုံးပြီး လာတဲ့သူတွေကို ကျွေးမွေးရတာ၊ ကြည်လည်း ကြည်နူးစရာကောင်းတယ်။ ကျွန်မတို့က ဒီပွဲအတွက် ရုံးမှာရှိတဲ့ ဝန်ထမ်းတွေအားလုံး ကုသိုလ်ရအောင် တစ်နှစ်ပတ်လုံး စုထားပြီး ကုသိုလ်လုပ်တာ၊ နှစ်တိုင်းလုပ်တာ၊ ဒီဘုရားပွဲကို အခက်အခဲတွေရှိလည်း ကျွန်မကတော့ ရောက်အောင်လာပါတယ်" ဟု ခရိုင်အဆင့်ဌာနဆိုင်ရာအရာရှိ အမျိုးသမီးတစ်ဦးက ပြောသည်။

ဆယ်ဆူဗုဒ္ဓပူဇနိယပွဲတော် စတင်ကျင်းပစဉ်အခါက မြို့ပေါ်ရပ်ကွက်များနှင့် အနီးဝန်းကျင် ကျေးရွာများမှ အဓိကထားကျင်းပခဲ့ပြီး ရဲတပ်ဖွဲ့၊ နယ်မြေခံတပ်ဖွဲ့များနှင့် ပညာရေးဌာနတို့သာ ပါဝင်ခဲ့ကာ နှောင်းပိုင်းနှစ်များတွင် ဆရာတော်ကြီး သာသနာပြုခဲ့သော စေတီများ တဖြည်းဖြည်းတိုးပွားလာခဲ့ရာမှ စေတီအားလုံး ပူဇော်လိုသည့်အတွက် ကျေးရွာ၊ ရပ်ကွက်များနှင့်တွဲဖက်ကာ ဌာနဆိုင်ရာများကို တာဝန်ပေးအပ်ပြီး ဆင်နွှဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**



## နိုင်ငံသားစိစစ်ရေးကတ်များ မိုင်းကိုးကျေးရွာအုပ်စုတွင် ကွင်းဆင်းဆောင်ရွက်

**တာချီလိတ် စက်တင်ဘာ ၁၅**

တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ဆီလီငေါက်ကျေးရွာရှိ ဆီလီငေါက် ဘုန်းကြီးကျောင်း၌ မိုးပွင့်အဆင့် (၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင် ရေးဦးစီးဌာနမှ စက်တင်ဘာ ၁၂ ရက်က နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

တာချီလိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာလွင်က နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရာတွင် နိုင်ငံတော်၏ ရည်မှန်းချက်များနှင့် မိုးပွင့်အဆင့်(၆) စီမံကိန်းလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးဌာနမှူး ဦးသိန်းလွင်နှင့် ဝန်ထမ်းများ၊ မိုင်းကိုးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုင်းကပ်ခမ်းနှင့် ကျေးရွာအထောက်အကူပြုအဖွဲ့များ ပါဝင်ကူညီ၍ အသက် ၁၀ နှစ်ပြည့်နှင့် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမပြုလုပ်ရသေးသူ ၃၂၉ ဦးတို့ကို မှတ်ပုံတင်ပြုလုပ်ပေးပြီး မွေးတိုး ၁၉၁ ဦးနှင့် အိမ်ထောင်စု ၂၄၈ စု အတွက် သန်းခေါင်စာရင်းမိတ္တူများကို မိုင်းကိုးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုင်းကပ်ခမ်းမှတစ်ဆင့် ပြည်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**



## ယာဉ်စည်းကမ်းမလိုက်နာသူများအား အရှိန်မြှင့်အရေးယူဆောင်ရွက်လျက်ရှိ

**အင်းတော် စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အရှိန်မြှင့်ဆောင်ရွက်နေပြီး ဖောက်ဖျက်သူများအား နေ့စဉ်ရုံးဖွင့်ရက်တိုင်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ အင်းတော်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲ့ လမ်းညွှန်မှုနဲ့ ယာဉ်ထိန်းရဲ၊ မြို့နယ်စည်ပင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနဲ့ ဒေသအရန်မီးသတ်တပ်ဖွဲ့တွေ ပူးပေါင်းပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာသူတွေကို အရေးယူဆောင်ရွက်နေတာပါ။ အဓိကကတော့ မော်တော်ဆိုင်ကယ်စီးနင်းရာမှာ ဆိုင်ကယ်စီးဦးထုပ်မဆောင်းတာ၊ ယာဉ်မောင်းလိုင်စင်မရှိပဲမောင်းနှင်တာ၊ လမ်းစည်းကမ်း မလိုက်နာတာတွေကို အရေးယူဆောင်ရွက်နေတာပါ။ ဒီနေ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာတဲ့ မော်တော်ဆိုင်ကယ် ၂၃ စီး အရေးယူပါတယ်။ မော်တော်ဆိုင်ကယ်စီး ဦးထုပ်မဆောင်းသူများကို ပုဒ်မ ၂၂ အရ ဒဏ်ငွေ ၁၅၀၀ ကျပ်၊ ယာဉ်မောင်းလိုင်စင်မပါသူတွေကို ပုဒ်မ ၂၁ အရ ဒဏ်ငွေ ၅၀၀ ကျပ် ဒဏ်ရိုက်ပါတယ်၊ ဒဏ်ငွေကိုတော့ တရားရုံးမှာ သွားဆောင်ရတာပါ။ ကျွန်တော်တို့ ဒီလိုရုံးဖွင့်ရက်တိုင်း အရေးယူဆောင်ရွက်နေခြင်းဟာ မော်တော်ယာဉ်မောင်းနှင်သူတွေ၊ မော်တော်ဆိုင်ကယ် စီးနင်းသူတွေ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို လိုက်နာလာအောင်နဲ့ ယာဉ်အန္တရာယ်ကင်းရှင်းစေဖို့ ရည်ရွယ်တာဖြစ်ပါတယ်" ဟု အင်းတော်မြို့မှ ယာဉ်ထိန်းရဲတပ်ကြပ်ကြီးစန်းယုအောင်က ပြောသည်။ **ခင်မောင်ဆွေ(မော်လူး)**

## နိုင်ငံသားစိစစ်ရေးကတ်များ ပုဏ္ဏားကျွန်း၌ဆောင်ရွက်ပေး

**ပုဏ္ဏားကျွန်း စက်တင်ဘာ ၁၅**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကျောက်ဆိပ်ကျေးရွာရှိ အသက် ၁၈ နှစ်ပြည့်ပြီးသူ ပြည်သူ ၁၂၀ အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၀ ကို မြို့နယ်လဝကဦးစီးမှူးဦးထင်လင်းအောင်နှင့် ဝန်ထမ်းများက နေ့ချင်းပြီးအခမဲ့ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ်လဝကဦးစီးမှူးက နိုင်ငံသားအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်းအတွက် ကုန်ကျစရိတ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးမိသားစုက လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို့)**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**
**ရုံးချုပ်-ရန်ကုန်**
**အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ် (၀၅/၂၀၁၄-၂၀၁၅)**
**အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် အနေဖြင့် ပြည်တွင်းရှိ သစ်အခြေခံလုပ်ငန်းများ ဦးစားပေးဆောင်ရွက်နေသော ပုဂ္ဂလိကလုပ်ငန်း ရှင်များသို့ ကုန်ကြမ်းသစ်လုံးများဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောဖက်စပ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထုတ် အောက်ပါကုန်ကြမ်းသစ်လုံးများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် အိတ်ဖွင့်တင်ဒါစနစ် (Ex-site) ရောင်းချမည်ဖြစ်ပါသည်။

(က) **အိတ်ဖွင့်တင်ဒါကျင်းပမည့်အစီအစဉ်**

| | |
|---|---|
| **အိတ်ဖွင့်တင်ဒါကျင်းပမည့်နေ့ရက်** | - ၂၄-၉-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) |
| **အိတ်ဖွင့်တင်ဒါကျင်းပမည့်အချိန်** | - မွန်းလွဲ ၁၃း၀၀နာရီ |
| **အိတ်ဖွင့်တင်ဒါရောင်းချမည့်သစ်အမျိုးအစား** | - အင်၊ ကညင်သစ်မာသစ်လုံး |
| **အိတ်ဖွင့်တင်ဒါရောင်းချမည့်တန်** | - (2051) လုံး၊ (2521.986) တန် |
| **အိတ်ဖွင့်တင်ဒါကျင်းပမည့်နေရာ** | - မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |

၂။ သစ်လုံးများအိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သစ်တောဖက်စပ် web-site ဖြစ်သော www.fpjvc. com တွင် ဝင်ရောက်ကြည့်ရှု၍ လည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်း၏ web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၉-၅၀၇၃၁၃၇၊ ၀၉-၄၃၂၀၂၅၄၄တွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

မွန်ပြည်နယ်၊ ဘီးလင်းမြို့ရှိ စက်မှုသုံးအရက်ပြန်စက်ရုံ (ဘီးလင်း)ရှိ Rum Aging အရက် ဂါလန် ၁၀၀၀၀၀(တစ်သိန်း)ခန့်အားမြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသောကြောင့် အိတ်ဖွင့်တင်ဒါကို အောက်ဖော်ပြပါလိပ်စာများအတိုင်း ၂၂-၉-၂၀၁၄ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာ၊ ဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| **စက်ရုံမှူး** | **မန်နေဂျင်းဒါရိုက်တာ** |
| **BIAD Co., Ltd.** | **BIAD Co., Ltd.** |
| **ဘီးလင်းမြို့** | **အမှတ် ၃၃၊ ၆မိုင်ခွဲ၊ ပြည်လမ်း၊** |
| **Belin Industrial Alcohol Distillery** | **IBTC Company** |
| **ဖုန်း-၀၉-၄၉၂၇၇၆၁၅၊ ၀၉-၅၄၁၄၅၇၃** | **ဖုန်း ၀၉-၅၀၁၆၈၅၆၊ ၀၁-၆၅၄၉၃၈-၄၈** |



**အသိပေးကြေညာခြင်း**

တာမွေမြို့နယ်၊ (G.E.C)ပညာရေး သမဝါယမအသင်းလီမိတက် (အငြိမ်းစား)အသင်းဝင်များ မိမိတို့၏ အသင်းဝင်အစုငွေများကို အသင်းဆိုင်သို့၁-၁၀-၂၀၁၄ ရက်မှ ၃၀-၁၀-၂၀၁၄ ရက်အတွင်း လာရောက် ဆက်သွယ်ထုတ်ယူကြပါရန်၊ အကယ်၍ ၄င်းရက်ထက် ကျော်လွန်ပါက အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(G.E.C) ပညာရေး၊ တာမွေမြို့နယ်၊**



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြို့နယ်၊ ၁၅၃ရပ်ကွက်၊ မြေကွက်အမှတ် (၁၉၅)၊ ပေ(၄၀×၆၀)အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်ရီ ၁၂/သဃက(နိုင်)၀၁၆၂၁၈ ကပိုင်ဆိုင်ခဲ့ပြီး အမည်ပေါက်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်သဇင်ထွန်း LL.B (စဉ်-၃၄၁၈၁)**
**အထက်တန်းရှေ့နေ**
**အမှတ်-၃၁ ပထမထပ်၊ ကိုင်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**



**အများသိစေရန်ကြေညာချက်**

ဒေါ်သီတာမြင့် ၁၂/ပဇတ(နိုင်)၀၀၆၉၁၁ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း ၁၃၅ ရပ်ကွက်၊ အမှတ်(၆၀၉)၊ ပေ(၄၀×၆၀)ပါမစ်ပျောက်ဆုံးမြေကွက်အား ဒေါ်ကြည်ကြည်အေး S/OKA ၀၆၆၀၂၃၊ အမှတ် (၇၈၈)၊ ငမိုးရိပ် ၂ လမ်းနေသူကဝယ်ယူရာ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပါ၍ ကန့်ကွက်လိုသူများ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်အေး**
ဖုန်း-၀၉-၇၃၁၈၁၃၃၄၊ ၀၉-၄၉၂၃၅၅၈၂

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး ထောက်ကူသင်တန်းဖွင့်

**ကန့်ဘလူ စက်တင်ဘာ ၁၅**

တိရစ္ဆာန်ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ အခြေခံအကြောင်းများနှင့် ၎င်းတို့၏ အကျိုးဆက်များကို သိရှိစေရန်၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ ထောက်ပံ့ငွေဖြင့် ဖွင့်လှစ်သော အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြုသင်တန်း(၂/၂၀၁၄)ဖွင့်ပွဲကို စက်တင်ဘာ ၉ ရက်က ကန့်ဘလူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဝင်းက သင်တန်းမှ ပို့ချပေးသော သင်ခန်းစာများကို မိမိတို့ကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများတွင် အကျိုးရှိရှိပြန်လည်အသုံးချနိုင်ရေးအတွက် ကြိုးစားလေ့လာမှတ်သားကြရန် မှာကြားကာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ၎င်း၏ အတွေ့အကြုံများကို ဝေမျှခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် ကျေးရွာ ၂၀ မှ မွေးမြူရေးတောင်သူ သင်တန်းသား ၂၀ တက်ရောက်ခဲ့သည်။

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးသင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဒေသခံများအနေဖြင့် မိမိတို့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ **အောင်ဝင်းငြိမ်း**

# တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲဖွင့်

**မန္တလေး စက်တင်ဘာ ၁၅**

၂၀၁၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ ရက် ညနေ ၃ နာရီက မန္တလေးမြို့ မန္တလာသီရိ အဆင့်မြင့်အားကစားကွင်း၌ ကျင်းပသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးရဲမြင့်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲကျင်းပရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်သို့ အားကစားပြိုင်ပွဲအထိမ်းအမှတ်ဖလားနှင့် အားကစားအထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်၍ အမှတ်တရလက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူကလေးများက တိုင်းရင်းသားအက၊ ပန်းပွားအက၊ တင်းပုတ်အက၊ အေရိုးဗစ်အကတို့ဖြင့် ဖျော်ဖြေသည်။ ဆက်လက်၍ စုပေါင်းအားကစားသရုပ်ပြခြင်းတွင် ဝူရှူး၊ ကျွမ်းဘား၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ရိုးရာခြင်းလုံး၊ မြန်မာသိုင်းတို့ဖြင့်တင်ဆက်ပြီး ကျောက်ဆည်ဆင်အကတို့ဖြင့် ဖျော်ဖြေသည်။

ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသက် ၂၀ အောက် အမျိုးသား ဘောလုံးပြိုင်ပွဲအုပ်စု (ခ) မှ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေကျသွားကြောင်း သိရသည်။

ပြိုင်ပွဲဝင်အသင်း ၁၅သင်းပါရှိပြီး မန္တလေးမြို့ မန္တလာသီရိအဆင့်မြင့်အားကစားကွင်း၊ မန္တလေးမြို့ ဗထူးကွင်းနှင့် ကျောက်ဆည်မြို့တို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**



# ရဲတပ်ဖွဲ့နေ့ ရွှေရတုအထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၅**

ပြည်ထဲရေးဝန်ကြီးဌာနက အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ် (၅၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ရွှေရတုအထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း တက္ကသိုလ်များဆေးရုံတွင် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းကြည် ဦးဆောင်သော မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအပါအဝင် တပ်ဖွဲ့ဝင်၃၀၀ သည် စက်တင်ဘာ ၁၄ ရက် နံနက်က စုပေါင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ရွှေရတုအထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်အသီးသီးရှိ ရဲတပ်ဖွဲ့များ စုပေါင်း၍ ဆေးရုံဆေးခန်းများ၊ စေတီဘုရားများ၊ စာသင်ကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ကျေးရွာချင်းဆက် လမ်းနှင့်တံတား အဆင့်မြှင့်ရန် တိုင်းတာ

**မော်လူး စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသတွင် ကျေးရွာချင်းဆက်လမ်း၊ တံတားများ အဆင့်မြှင့်တင်ရန်အတွက် အင်းတော်မြို့နယ်မှ တာဝန်ရှိသူများ စက်တင်ဘာ ၁၀ ရက်က ကွင်းဆင်းတိုင်းတာဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မော်လူး-ငွေ့ကြီး(နှစ်မိုင်)ကျေးလက်လမ်းကို အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မ ကျောက်ချောလမ်းခင်းခြင်း၊ သက်ရင်းသာ-ငွေ့ကြီးလေးတန်ချောင်းကူးတံတားကို ကမ်းကပ်ခုံဆောက်လုပ်ရန်၊ နမီးကျေးရွာ-ငွေ့ကြီးကျေးရွာ မြေသားလမ်း ရှစ်မိုင် ဖောက်လုပ်ရန်နှင့် နမီးကျေးရွာ-ညောင်ပင်ဆိပ်ကျေးရွာ ချောင်းကူးတံတားအရှည်ပေ ၂၀၀ ၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၅ ပေ ဆောက်လုပ်ရန်တို့ကို ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းဆိုနိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ရာသို့ အင်းတော်မြို့ကျေးလက်ဦးစီးမှူး ဦးမျိုးမင်းစိုး၊ မြို့နယ်အထောက်အကူပြု ကော်မတီမှဦးချစ်ဆွေ၊ နမီးကျေးရွာအုပ်စု၊ ငွေ့ကြီးကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

## ငွေးချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၄၆**

ဒေါ်ဝင်းသီတာ **နှင့်** ဦးအောင်မော်

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ် ၅၃၈နေ ဦးအောင်မော်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၁၂ အရ ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃ ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်) မွန်းမတည့်မီ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေးချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နှင်းသီတာ)**
**ခရိုင်တရားသူကြီး**

## ငွေးချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၄၀**

၁။ ဒေါ်တင်တင်လှ **နှင့်** ဦးသောင်းရှိန်

၂။ ဒေါ်လှနု

တရားလိုများ တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ ပထမထပ်၊ အမှတ် ၈နေ ဦးသောင်းရှိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဝယ်ယူထားသည့် မြေနှင့်အိမ်အား ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၅ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေးချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလို သည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နှင်းသီတာ)**
**ခရိုင်တရားသူကြီး**

## ငွေးချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**သာကေတမြို့နယ်တရားရုံးတော်၌**

**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၄၇**

ဦးစိုးနိုင် **နှင့်** ဦးအေး

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ ၈ လမ်း၊ အမှတ် ၉၄၂/က နေ(ယခုနေရပ်လိပ်စာမသိ) တရားပြိုင် ဦးအေး သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဦးစိုးနိုင်က သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၂ အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ဂရန်အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှု ပြုလုပ်ပေးရန် လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၂၅ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများ၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာ၌ ငွေးချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဝင်း)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ယ/၆၅၅၄ Honda Dream ND 125 MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းရှိန် ၆/သရခ(နိုင်)၀၁၃၃၇၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၃ယ/၅၆၄၄၁ Wonjan 110 မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ Beauteous Valley Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မကွေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ အဆင့်မြှင့်တင်ရန် ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီက ယူရိုငွေသုံးသန်း ထောက်ပံ့မည်

**မကွေး စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင်ရှိ မြင်ကွန်းလျှပ်စစ်မြစ်ရေတင်စီမံကိန်း (အကျိုးပြုဧက ၅၀၀)နှင့် မင်းဘူးခရိုင် လျှပ်စစ်မြစ်ရေတင်စီမံကိန်း (အကျိုးပြုဧက ၅၉၀)တို့၏ လျှပ်စစ်မြစ်ရေတင်စီမံကိန်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီ (AFD) Francaise Development Agency မှ ယူရိုငွေ သုံးသန်း ထောက်ပံ့ပေးရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို မကွေးမြို့ ကမ်းနားလမ်းရှိ နန်းထိုက်သူဟိုတယ်ခန်းမ၌ စက်တင်ဘာ ၁၁ ရက်က ကျင်းပသည်။

သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးက မြန်မာ-ပြင်သစ် နှစ်နိုင်ငံအကြား နိုင်ငံအချင်းချင်း စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးချက်များအရ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် ပြင်သစ်ဖွံ့ဖြိုးရေး အေဂျင်စီကို ကြိုဆိုပါကြောင်း အမှာစကားပြောကြားပြီး ပြင်သစ်သံအမတ်ကြီးက လာရောက်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြင်သစ်ဖွံ့ဖြိုးရေး အေဂျင်စီ(AFD)မှ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ယူရိုငွေ သုံးသန်း အထောက်အပံ့ရရှိရန်အတွက် အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ်ကို သံအမတ်ကြီးနှင့် (AFD)မှတာဝန်ရှိသူတို့က လက်မှတ်ရေးထိုးခဲ့ပြီး ယူရိုငွေ သုံးသန်းထောက်ပံ့ရေးနှင့် ပတ်သက်၍ တက်ရောက်လာကြသည့် သတင်းမီဒီယာသမားများ၏ မေးမြန်းချက်များကို ပြင်သစ်သံအမတ်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာပြင်သစ်သံအမတ်ကြီး H.E.Mr Thierry Mathou၊ နေပြည်တော် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မင်းဦး၊ ရေစုပ်စက်(၁) ညွှန်ကြားရေးမှူး ဦးတင့်လွင်၊ စီမံကိန်း(၁) ညွှန်ကြားရေးမှူး ဦးဌေးလွင်၊ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်၊ မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ တိုင်းဒေသကြီးဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးများ၊ မကွေးခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းသန်းကြင်၊ မင်းဘူးခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇောလှတို့ တက်ရောက်ခဲ့ကြသည်။

**ကျော်ဇေယျ**

# မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနား ပုဏ္ဏားကျွန်း၌ကျင်းပ

**ပုဏ္ဏားကျွန်း စက်တင်ဘာ ၁၅**

စက်တင်ဘာ ၁၃ ရက်က ကျရောက်သော မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ ဦးရာဇတ်မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က လူသားအချင်းချင်း စာနာလို့ လူကုန်ကူးမှုတိုက်ဖျက်စို့ ဟူသော ဆောင်ပုဒ်နှင့်အညီ လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ပြည်သူများကပါ ပူးပေါင်းပါဝင်ရေး အသိပေးနှိုးဆော်သည့်အနေဖြင့် အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်လတ်က လူမှောင်ခိုလုပ်ငန်းနှင့် လူကုန်ကူးမှုလုပ်ငန်းတို့၏ မတူကွဲပြားသဘောသဘာဝများကို လက်တွေ့ကျသော သာဓကများနှင့် ဆောင်ရန်ရှောင်ရန်တို့ကို အသိပညာပေးဟောပြောပြီး မြို့နယ်တရားသူကြီး ဦးသန်းထွန်းက လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များကို တရားဥပဒေရှုထောင့်မှ ဆွေးနွေးဟောပြောခဲ့ကြသည်။

အခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**လှဘော်သူ**

## သတင်းတို

### ဒီပဲယင်းမြို့နယ်ရဲတပ်ဖွဲ့ စုပေါင်းသန့်ရှင်းရေးပြုလုပ်

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ နှစ်(၅၀) ပြည့် ရွှေရတုနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးလွင်ဦး ဦးဆောင်ပြီး ရဲတပ်ဖွဲ့ဝင် ၅၀ နှင့်အတူ အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇင်မင်းထင်နှင့် ပြည်သူများစုပေါင်းကာ ရေဦး-ဒီပဲယင်း-မုံရွာ မြို့တွင်းကားလမ်းဘေးတစ်လျှောက်ရှိ ချုံနွယ်များ ရှင်းလင်းခြင်း၊ အထက ကျောင်းရှေ့ရှိ ရေနုတ်မြောင်း ရှင်းလင်းခြင်းတို့ကို စက်တင်ဘာ ၁၃ ရက်က စုပေါင်းဆောင်ရွက်ခဲ့သည်။

**အောင်လင်း(iprd)**

# ဆက်သွယ်ရေးစခန်း(စာတိုက်) များမှ ငွေပို့လွှာပို့ခနှုန်းထားများကို ၁၀ ဆ လျှော့ချကောက်ခံ၍ ဝန်ဆောင်မှုပေးလျက်ရှိ

**မကွေး စက်တင်ဘာ ၁၅**

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း ဆက်သွယ်ရေးစခန်း (စာတိုက်)များတွင် ငွေပို့လွှာလုပ်ငန်းကို ကျယ်ပြန့်စွာဆောင်ရွက်ပေးလျက်ရှိပြီး သုံးစွဲသူ ပြည်သူများအား သက်သာသောနှုန်းထားဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် စက်တင်ဘာ ၁ ရက်မှစတင်၍ ငွေပို့လွှာပို့ခနှုန်းထားများကို ပြောင်းလဲလျှော့ချကောက်ခံဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ဆက်သွယ်ရေးစခန်း(စာတိုက်)မှ သိရသည်။

ယခင်က မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း ဆက်သွယ်ရေးစခန်း(စာတိုက်)များတွင် ငွေပို့လွှာလုပ်ငန်းကို ဆောင်ရွက်ကြရာ၌ ငွေကျပ် ၁၀၀ လျှင် ငွေပို့လွှာပို့ခနှုန်းထား ငါးကျပ်ကောက်ခံ၍ ဝန်ဆောင်မှုပေးနေခဲ့ရာမှ ယခုအခါ ငွေတစ်ကျပ်မှ ၁၀ သိန်းအထိ ငွေပို့လွှာပို့ခနှုန်းထား ၅၀ ပြားနှုန်း၊ ငွေကျပ် ၁၀ သိန်းမှ ငွေကျပ်သိန်း ၁၀၀ အထိ ၂၅ ပြားနှုန်း၊ ငွေကျပ်သိန်း ၁၀၀ မှ ၁၀၀၀၀ အထိ ၁၀ ပြားနှုန်း၊ ငွေကျပ်သိန်း ၁၀၀၀၀ နှင့်အထက် ငါးပြားနှုန်းတို့ဖြင့် ငွေကျပ်ပမာဏအလိုက် ငွေပို့လွှာပို့ခနှုန်းထားများကို လျှော့ချကောက်ခံကာ ဝန်ဆောင်မှုပေးလျက်ရှိပြီးအမြန်ငွေပို့လွှာ FAX အသုံးပြုခမှာ ငွေပို့လွှာတစ်စောင်လျှင် ၂၀၀ ကျပ် နှုန်းကောက်ခံလျက် ပုံစံတစ်စောင်လျှင် ငွေပမာဏအကန့်အသတ်မရှိ ပေးပို့နိုင်မည်ဖြစ်သည်။

"ယခု ဆက်သွယ်ရေးစခန်း(စာတိုက်)ရဲ့ လျှော့ချကောက်ခံလိုက်တဲ့ ငွေပို့လွှာပို့ခနှုန်းထားကတော့ ပို့ခယူတယ်ဆိုရုံလေး ယူထားတယ်ဆိုတော့ အခမဲ့ဆောင်ရွက်ပေးနေသလိုပါပဲ။ ယခင်ထက် ၁၀ ဆလောက် လျှော့ချလိုက်တာပေါ့။ သိပ်ဝမ်းသာ၊ သိပ်ကျေးဇူးတင်တာပေါ့ဗျာ" ဟု ဂန့်ဂေါဆက်သွယ်ရေးစခန်း(စာတိုက်)တွင် စက်တင်ဘာ ၁၂ ရက်က ငွေပို့လွှာပို့ဆောင်ခဲ့သူ တစ်ဦးက ပြောခဲ့သည်။ ယခုကဲ့သို့ ငွေပို့လွှာပို့ခနှုန်းထားများကို လျှော့ချပေးသဖြင့် ပြည်သူတစ်ဦးချင်းအတွက်သာမက ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများနှင့် ပွဲရုံလုပ်ငန်းများအတွက်ပါ ကုန်စည်နှင့် ငွေကြေးစီးဆင်းမှုများစွာ အဆင်ပြေလာကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**



**အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀) ပြည့် ရွှေရတုနေ့ အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဖေနှင့် ရဲတပ်ဖွဲ့ဝင်များက မြန်အောင်မြို့ ပြည်သူ့ဆေးရုံ၌ ပေါင်းမြက်များရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းစသည့် အကျိုးပြုလုပ်ငန်းများကို စက်တင်ဘာ ၁၁ ရက်က ဆောင်ရွက်စဉ်။** နေဝင်းဇော်(မြန်အောင်)


**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၅/သူကြီးစု၊ မြေကွက်/ဦးပိုင်အမှတ် ၁၄ဃ/၂၊ ဧရိယာ ၀ ဒသမ ၁၆၃ ဧကရှိ ဦးတင်ဝင်း ပါ-၂ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးရာညွှန့်လှိုင် (အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/ပမန(နိုင်)၀၀၃၂၈၄ (ဘ)ဦးတင်လှိုင် က ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၅/သူကြီးစု၊ မြေကွက်/ဦးပိုင်အမှတ် ၁၄ဃ/၁၊ ဧရိယာ ၂ ဒသမ ၄၅၂ဧကရှိ ဦးတင်ဝင်း ပါ-၂ အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးရာညွှန့်လှိုင်(အထွေထွေယ်ကိုယ်စားလှယ်လွှဲအပ်ခံရသူ) ၉/ပမန(နိုင်)၀၀၃၂၈၄က (ဘ) ဦးတင်လှိုင် ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**သွာနုတ္တသားသမီးအဖြစ်သတ်မှတ်ပြီးအမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းကြီး၊ အိမ်အမှတ် ၂၇နေ ဦးကြည်လင်း ၇/ပခန(နိုင်)၀၇၂၅၅၃နှင့်ဒေါ်ချိုချိုမာ ၇/ပခန(နိုင်)၀၇၂၅၆၈တို့၏သား မောင်သူရလင်း ၇/ပခန(နိုင်)၃၁၀၈၃၉သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ နေအိမ်မှမိမိဆန္ဒအလျောက်ဆင်းသွားသည့်အပြင် မိဘများအား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပြီး ခွင့်မလွှတ်နိုင်သည့် ကိစ္စများကိုပြုမူဆောင်ရွက်လာသည့်အတွက် သွာနုတ္တသားသမီးအဖြစ်သတ်မှတ်ပြီး အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်သူရလင်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့ကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မောင်သူရလင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မြတ်ကြည်ဖြူ** **ဦးချစ်ကိုကို(ဘဏ်)** **(စဉ်-၁၇၇၃၅)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၅)** **B.Sc(Phy), H.G.P, D.B.L, D.M.L, D.I.L**
**LL.B, DBL, PGDCA** **D.A.Psy, WIPO (Switzerland)**
**WIPO(Switzerland)** **အထက်တန်းရှေ့နေ**

**အမှတ် ၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၄၀၅၅၆၇၊ ၀၉-၇၃၀၀၅၂၃၇**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၃၀၇၀၇)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧက ဒေါ်မိမိခိုင် အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား ဒေါ်မိမိခိုင် ၉/တကန(နိုင်)၀၁၂၀၆၀ (ဘ)ဦးပါက မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈၊ မြေကွက်အမှတ် ၄၂၆၊ မြေကွက်တည်နေရာအမှတ် ၄၂၆၊ နဝရတ် ၁ လမ်းအထက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် [(၁) ဦးချစ်ရွှေ၊ (၂) ဦးမြင့်ခိုင်]အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးချစ်ရွှေ (ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် တစ်ဦးတည်းသောဇနီး ဒေါ်မြင့်မြင့်ကြည် ၁၂/သကတ(နိုင်) ၀၅၁၄၈၁နှင့် ဂရန်အမည်ပေါက် ဦးမြင့်ခိုင် ၁၂/သကတ(နိုင်)၀၅၃၀၃၇တို့ ပူးတွဲလျက် သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀၊ လူနေရပ်ကွက် ၅၀၊ ဗလမင်းဒင်လမ်း၊ မြေကွက်အမှတ် ၁၂၂၊ အကျယ်အဝန်း ၄၁ ပေ × ပေ ၆၀၊ ၂၄၆၀ စတုရန်းပေ၊ ကွယ်လွန်သူ (ဦးစံမောင်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်မှ မခွဲစိတ်ရသေးသော ခြံရှေ့မျက်နှာမူလျှင် (ဝဲဘက်ခြမ်း) ပေ (၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း**

**အသိပေးကြေညာခြင်း**

အထက်ဖော်ပြပါလိပ်စာဖြစ်သည့်မြေကွက်အား ကွယ်လွန်သူ (ဦးစံမောင် SRM-019159)၏ တရားဝင်ဇနီး ဒေါ်သန်းသန်း ၁၂/သလန(နိုင်)၀၅၄၉၆၀ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇)** **ဒေါ်နှင်းပွင့်သန်း LL.B (စဉ်-၂၇၀၇၅)**
**လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင်အထက်တန်းရှေ့နေများ**
**အမှတ် (၅/၁၁)စီ၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၂၇၈၃၃၆**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၂)လမ်း၊ တိုက်အမှတ်-၉၀၊ နှစ်ခန်းတွဲ (၅)ထပ်တိုက်၏ အရှေ့ဘက်မှ မျက်နှာမူလျှင် ခြေရင်းခန်း (လေးလွှာ)၊ တတိယထပ်၊ လေးလွှာ၊ ခြေရင်းခန်း၊ အကျယ်ပေ (၁၂½×၅၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၁၉-၄-၂၀၁၃ ရက်စွဲပါ "အခန်းပေး/ အခန်းယူကန်ထရိုက်စနစ်ဖြင့် နှစ်ခန်းတွဲ (၃½)ထပ်တိုက် (၁)လုံးဆောက်လုပ်ခြင်း ကတိစာချုပ်"အရ ကန်ထရိုက်တာ ဒေါ်ခင်စန်းမြင့် ၁၂/ကမရ(နိုင်)၀၄၈၀၂၉ ခံစားခွင့်ရှိသော အခန်းဖြစ်ပြီး ၎င်းထံမှ (အရစ်ကျငွေပေးချေမှုစနစ်ဖြင့်) နှစ်ဦးသဘောတူ တိုက်ခန်း အရောင်းအဝယ် ကတိစာချုပ်အရ ဝယ်ယူထားသူ ဒေါ်ကြည်ကြည်နွယ် (HLG-၀၁၂၃၇၀)မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက် ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကောင်းမြတ်ဇော်** **ဦးဟိန်းသူကောင်း**
**အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅)** **အထက်တန်းရှေ့နေ (စဉ်-၃၆၂၆၇)**
**အမှတ်(၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း

ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း (ရန်ကုန်)၏ နာယကကြီး ဦးခွန်ဝင်းလှိုင် (သထုံ) (တရားလွှတ်တော်ရှေ့နေကြီး) သည် ၁၃-၉-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် အထူးပင်ဝမ်းနည်းကြေကွဲပါကြောင်း။

**ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း (ရန်ကုန်)**

## ဦးမြတ်ထွန်း (ခရမ်း)

**အထပြ (ငြိမ်း)**
**အထက (၄)အလုံ၊ အထက(၁) ပုသိမ်**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၁၇၄/၁၈၈၊ အခန်း ၅၀၃နေ (ဦးရှောင်ယုံ(ခ)ဦးရန်-ဒေါ်မွှေး)တို့၏ သား၊ (Dr. ဒေါ်ကြူကြူလွင်)၏ ခင်ပွန်း၊ Dr ကျော်သူထွန်း (Mega Lifesciences Ltd)- Dr ကြည်ဇာလှိုင်(နား ၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး၊ ရန်ကုန်)တို့၏ ဖခင်၊ မကေဇင်သူ (Grade 6၊ ဒဂုံ(၁၂)၏ အဘိုးသည် ၁၄-၉-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၄ရက်(အင်္ဂါနေ့) ညနေ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးခွန်ဝင်းလှိုင်(တရားလွှတ်တော်ရှေ့နေ)**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့နေ သူနာပြုဆရာမကြီး ဒေါ်နန်းရီ၏ခင်ပွန်း၊ ရန်ကုန်တိုင်းဒေသကြီး PA-OH ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ နာယကကြီး ဦးခွန်ဝင်းလှိုင်သည် ၁၃-၉-၂၀၁၄ ရက် (စနေနေ့) နံနက် ၁း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**PA-OH ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး**

## တစ်နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ကိုအောင်ဇော်ဦး**

စိတ်ထားဖြူစင်ပြီး လူတိုင်းအပေါ်ကူညီတတ်သော....ကိုကြီး (ကိုအောင်ဇော်ဦး)ရေ...

ချစ်ဇနီး၊ မိသားစုများနှင့် ခွဲခွာသွားခဲ့သည်မှာ ၁၆-၉-၂၀၁၄ ရက်ဆိုရင် တစ်နှစ်ပြည့်ခဲ့ပါပြီ။ အချိန်တိုင်း လွမ်းဆွတ်သတိရနေဆဲပါ။ နေ့စဉ်၊ လစဉ်နှင့် ယနေ့ပြုလုပ်ရသော ကုသိုလ်အစုစုတို့ကို မြင့်မြတ်သော ဘုံဘဝမှ အေးငြိမ်းချမ်းသာစွာ သာဓုခေါ်ဆိုနိုင်ပါစေ။ **ချစ်ဇနီး နှင်းဝေဝေနိုင်နှင့် ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးဇော်မင်းမောင် OTS (94)**
**အသက်(၄၅)နှစ်**

သူငယ်ချင်း မဖြူဖြူခင်၏ခင်ပွန်း ဗိုလ်ကြီးဇော်မင်းမောင် (၄၅)နှစ်သည် ရှင်ဘွေယန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုထွန်းလင်းအောင်-မမေမျိုးမွန်**
**မိသားစု၊ ရန်ကုန်**

